# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လဆန်း (၅) ရက်၊ တနင်္လာနေ့ ၊ (21-8-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၁၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက် ဖူးမြော်ကြည်ညို၊ အထူးစည်ကားများပြား

စာမျက်နှာ - ၁၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Patriot Park ပန်းခြံအတွင်း၌ ဒုတိယကမ္ဘာစစ်အတွင်း တိုက်ပွဲဝင်ခဲ့သည့် မြန်မာ့စစ်သည်တော်မဟာမိတ်များအမည်ရှိ အထိမ်းအမှတ်ရုပ်တုဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားတပ်မတော် ပင်မဘုရားရှိခိုးကျောင်းတော်ကြီး **Main Cathedral of the Armed Forces** တည်ရှိရာ မော်စကိုခရိုင် ကူဘင်ကာမြို့ မျိုးချစ်ပန်းခြံ **Patriot Park** အတွင်း၌ ဒုတိယကမ္ဘာစစ်ကာလအတွင်းတိုက်ပွဲဝင်ခဲ့ကြသည့် **"မြန်မာ့စစ်သည်တော် မဟာမိတ်များ"** အမည်ရှိ အထိမ်းအမှတ်ရုပ်တုဖွင့်ပွဲကို ဩဂုတ် ၁၄ ရက်တွင်ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး **Army General Sergey Kuzhugetovich Shoigu** နှင့်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်နှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းတို့ ဒုတိယကမ္ဘာစစ်ကာလအတွင်း တိုက်ပွဲဝင်ခဲ့ကြသည့် "မြန်မာ့စစ်သည်တော်မဟာမိတ်များ" အမည်ရှိ အထိမ်းအမှတ်ရုပ်တုရှေ့၌ ဂုဏ်ပြုပန်းစည်းများချ၍ အလေးပြုကြစဉ်။




ရတနာပုံ
၂၀၂၃ ခုနှစ် ဩဂုတ် ၂၁ ရက်
အယ်ဒီတာ့အာဘော်

# ဦးခိုက်ပူဇော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စက်တင်ဘာ ၃ ရက်ထိ ထပ်မံရက်တိုးမြှင့်၍ အခမဲ့ဖူးမြော်ခွင့်ပြုထားသဖြင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုရာ အထူးစည်ကားလျက်ရှိသည်ကို ဝမ်းမြောက်ကြည်နူးဖွယ် တွေ့ရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဉာဏ်တော် ၆၃ ပေ၊ ပလ္လင်တော် ၁၈ ပေ စုစုပေါင်း ၈၁ ပေရှိပြီး ရတနာပုံ ခေတ်ဟန်အတိုင်း ခေတ်မီနည်းစနစ်ဖြင့်ပေါင်းစပ်ကာ ကြည်ညိုစဖွယ်သပ္ပာယ်လှသည့် ကမ္ဘာ့အကြီးဆုံးဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် တည်ထားပူဇော်နိုင်ခဲ့ပြီဖြစ်ပေသည်။

ဘုရားစေတီများ တည်ထားကိုးကွယ်ခြင်းဖြင့် ကုသိုလ်အပေါင်းတို့ကို ရရှိနိုင်သည်။ မြန်မာနိုင်ငံသမိုင်းတွင် သာသနာတော်ကို အထူးစောင့်ရှောက်တော်မူသည့်ဘုရင်များ၊ အုပ်ချုပ်သူများလက်ထက်တွင် သာသနာတော်သည် ပို၍ထွန်းကားလာသည်။ ဘုန်းကံကြီးမားသူများက ဘုရားစေတီများ တည်ထားခဲ့သောကြောင့် ယနေ့ထက်တိုင် ပြည်သူများဖူးမြော်ကြည်ညိုနိုင်သည့် ကုသိုလ်ထူးကို ရရှိနေကြခြင်းဖြစ်ပေသည်။

ယခုတည်ထားပြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခုနစ်ရက်သား၊ သမီး ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်အလှူရှင်များ၏ကောင်းမှုဖြင့် တည်ထားခဲ့ခြင်းဖြစ်ပေသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို "မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်" ဟူသောရည်ရွယ်ချက်လေးချက်တို့ဖြင့် တည်ထားခြင်းဖြစ်ပေသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားသည့် ဘုရားရင်ပြင်တော်ပေါ်သို့ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ အလွယ်တကူတက်ရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိသည်။ ထို့ပြင် ရင်ပြင်တော်ပတ်လည်၌ ဂန္ဓကုဋိတိုက် ၂၄ ဆောင်ကို စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိရာ ဘုရားဖူးပြည်သူများအနေဖြင့် ဂန္ဓကုဋိတိုက်များအတွင်းမှ ဘုရားကြီးကို စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ပေသည်။

သို့ဖြစ်ရာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားခြင်းသည် ရည်ရွယ်ချက်လေးချက်အနက် တစ်ခုအပါအဝင်ဖြစ်သော မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန် ရည်ရွယ်ချက်ဖြင့် တည်ထားခြင်းဖြစ်သည်။ ထိုကြီးမားသည့် ရည်ရွယ်ချက်များဖြင့် တည်ထားသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဗုဒ္ဓဘာသာဝင်တိုင်းအနေဖြင့်လည်း ဦးခိုက်ပူဇော်ဖူးမြော်ကြည်ညိုကြရန် အသိပေးနှိုးဆော်တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဩဂုတ် ၂၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူ စုစုပေါင်း ၂၅၃၉၈၁ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆို ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားရိပ်၊ တရားရိပ်က အေးချမ်းတဲ့အတွက် နယ်ကကော မြို့ပေါ်ကပါ လာရောက်ဘုရားဝတ်ပြုသူတွေ၊ တရားထိုင်သူတွေလဲ ရှိကြပါတယ်။ ဘုရားဖူးတွေက ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ နေပူမိုးရွာတဲ့အခါ ဘုရားဖူးတွေ မိသားစုလိုက်၊ အဖွဲ့လိုက် အေးအေးဆေးဆေး အနားယူလို့ရအောင်လဲ နားနေဆောင်တွေ ဆောက်လုပ်ပေးထားပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၅၀၂၁၂ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၂၁၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၅၅၆ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဩဂုတ် ၂၀**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များကို ကုန်သည်များက အဝယ်ပြန်လိုက်လာကြောင်း၊ ထိုသို့ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာပြီး ဝယ်ယူမှုများပြားလာခြင်းကြောင့် ပြောင်းဖူး(ဗမာ)များ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခု တရုတ်နိုင်ငံဘက်ကလဲ ပြောင်းဖူး(ဗမာ) ဝယ်ယူမှုက အနည်းအကျဉ်းပဲရှိတယ်။ ပြည်တွင်းဈေးကွက်မှာက မန္တလေး၊ ရန်ကုန်၊ တောင်ကြီး စတဲ့မြို့တွေမှာ အခုတစ်လော ကုန်သည်တွေက ဝယ်ယူမှု ပြန်များလာတယ်။ ဒါကြောင့် မန္တလေး ဈေးကွက်အတွင်းမှာ ပြောင်းဖူး(ဗမာ) ဈေးကောင်းပြန်ပြီး ရရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဩဂုတ်လ ပထမပတ်က ပြောင်းဖူး(ဗမာ) ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀ သာရှိခဲ့သော်လည်း ယခုအခါ ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ယနေ့တွင် ပြောင်းဖူး(ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(CP)ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၁၅၀၀၊ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# စွန်ရဲအင်းသဘာဝရေပြင်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခြောက်သိန်း မျိုးစိုက်ထည့်

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ်ရေရှည်ထိန်းသိမ်းနိုင်စေရန်အတွက် စွန်ရဲအင်းသဘာဝရေပြင်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခြောက်သိန်းကို ယနေ့ နံနက်ပိုင်းက မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သရက်ကုန်းငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းတွင် သရက်ကုန်း ငါးလုပ်ငန်းစခန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်း၊ ကူမဲငါးလုပ်ငန်းစခန်းတို့ပူးပေါင်းပြီး နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခြောက်သိန်းကို မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ စွန်ရဲအင်း သဘာဝရေပြင်အတွင်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

"စွန်ရဲအင်း သဘာဝရေပြင်အတွင်းကို ငါးမျိုးတွေစိုက်ထည့်ပေးတာကြောင့် ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှာပါ။ ငါးသယံဇာတတွေ စဉ်ဆက်မပြတ်ရေရှည်ထိန်းသိမ်းနိုင်စေပြီး ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းနဲ့ဝင်ငွေရရှိစေမှာပါ။ ငါးမျိုးကောင်းမျိုးသန့်တွေ ရေရှည်တည်တံ့ပြန့်ပွားစေဖို့နဲ့ ငါးရိက္ခာတွေ ရေရှည်စားသုံးနိုင်စေဖို့ ရည်ရွယ်ပြီးတော့ သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်တွေအတွင်းကို ငါးလုပ်ငန်းဦးစီးဌာနကနေ ငါးသားပေါက်တွေ နှစ်စဉ်စိုက်ထည့်ပေးနေပါတယ်။ ဒီနေ့မှာဆိုရင် စွန်ရဲအင်းထဲကို ငါးမြစ်ချင်းနဲ့ ငါးခုံးမကြီးငါးသားပေါက်တွေကို မျိုးစိုက်ထည့်ပေးခဲ့ပါတယ်"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

ထိုသို့ ငါးမျိုးစိုက်ထည့်ရာတွင် သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ နှစ်သိန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေနှစ်သိန်း၊ ကူမဲငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ နှစ်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း၊ အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြစ်သားမြို့နယ် မှိုင်းဟင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး

**မြစ်သား ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မှိုင်းဟင်ကျေးရွာ အုပ်စု မှိုင်းဟင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိသော်က ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး စီမံကိန်းအသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်အိအိသော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၅၄၅၀၀၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အငှမအကြိမ်အဖြစ် မှိုင်းဟင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅၄၅၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# စဉ့်ကူးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းစစ်ဆေး

**စဉ့်ကူး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး တိုင်းတာခြင်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်း၊ တာဝန်ခံအင်ဂျင်နီယာများက အေးချမ်းသာယာနှင့် ဈေးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

ယခုဘဏ္ဍာနှစ်တွင် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ စီ၊ ပြည်သူလူထုလုပ်အားတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ အေးချမ်းသာယာကျေးရွာ၌ လမ်းအရှည် ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဈေးကုန်းကျေးရွာ၌လမ်းအရှည် ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၃၂၇ ဧကစိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၃၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ လျာထား ၂၃၂၇ ဧကကို ယခုနှစ် မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးသီးနှံစုံ ၂၃၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ မိုးသီးနှံစုံ လျာထား ၂၃၂၇ ဧကကို မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့တာ လက်ရှိမှာ မိုးသီးနှံစုံဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားသီးနှံတွေကိုလဲ စိုက်ပျိုးနေပါတယ်။ မိုးသီးနှံတွေလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ပြင်ဆင်ပေးခဲ့ပါတယ်။ အဲဒီလို ပြင်ဆင်ပြီး အခုနှစ်မိုးသီးနှံတွေထဲမှာ စားဖိုဆောင်သီးနှံတွေ အများဆုံးစိုက်ပျိုးထားပါတယ်။ အခြားသီးနှံတွေကတော့ ဒေသခံတောင်သူတွက သူတို့ဒေသနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ ဝင်ငွေကောင်းတဲ့ သီးနှံတွေကို အဓိကစိုက်ပျိုးထားပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၃၂၇ ဧကတွင် စားဖိုဆောင်သီးနှံ ၁၀၆၂ ဧက၊ ပိန်းဥ ၁၃၇ ဧက၊ ပန်းအမျိုးမျိုးဧက ၃၀၊ ပီလောပီနံဧက ၃၉၀၊ ကွမ်းဧက ၄၀၊ နနွင်း ၄၂ ဧက၊ ငရုတ် ၂၅ ဧက၊ ပဲစင်းငုံ ၈၈ ဧက၊ ကြံ ၄၉ ဧက၊ ပူးစားပြောင်း ၃၁၇ ဧက၊ မိုးမြေပဲ ၉၅ ဧက၊ နှမ်း ၅၂ ဧကတို့ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# တနိုင်းမြို့နယ် ရေနံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တနိုင်း ဩဂုတ် ၂၀**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေနံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆငှမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ တနိုင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၀၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေနံကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၀၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ပြည်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်မှု စစ်ဆေး

**ပြည် ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဝက်မြေတောကျေးရွာနှင့် ထိန်ရုံကုန်းကျေးရွာတို့၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဩဂုတ် ၁၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဝက်မြေတောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ထိန်ရုံကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပြည်မြို့နယ် ဝက်မြေတောကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၅ ဒသမ ၆၆၉၇ သန်း အသုံးပြုပြီး လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုး လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို HTH Engineering ကုမ္ပဏီက လည်းကောင်း၊ ထိန်ရုံကုန်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄၉ ဒသမ ၄၅ သန်း အသုံးပြုပြီး လမ်းအရှည် နှစ်မိုင် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းကျောက်ရောမြေခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို Khit Satt Satt Aung ကုမ္ပဏီကလည်းကောင်း ယခုနှစ် ဇွန် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ပြောပြ၍ သိရသည်။

**ကိုညီ**



# မိမိနှင့်တိုင်းပြည်

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

သတ္တဝါအမျိုးမျိုးသည် နေထိုင်ရှင်သန်ပုံသဘာဝ ချင်းမတူကြပေ။ ကျီးကန်း၊ ဗျိုင်း၊ ကြက်တူရွေး၊ ခို နှင့် ဆင်၊ တောခွေး၊ မျောက် စသော ကျေးငှက် တိရစ္ဆာန်မျိုးတို့သည် အုပ်စုလိုက် အကြီးအသေး ကွဲကောင်းကွဲကြပေမည် အစုအဖွဲ့နှင့် နေထိုင်တတ်ကြ သည်။ ပုရွက်ဆိတ်၊ ခါချဉ်ကောင်၊ ပျား စသည်တို့ လည်း စုစုဝေးဝေးနေထိုင်ကြသော သဘောသဘာဝကို တွေ့ကြရမည်။ ချိုးငှက်၊ ဟသ်ာငှက်၊ ကြက်၊ ခွေး စသော အချို့သတ္တဝါများကမူ မိသားစုနှင့် အဖိုအမ စုံတွဲမျှသာနေကြသည်ကများပြီး ရာထောင်ချီသော အုပ်စုသင်းပင်းဖွဲ့ပြီး နေလေ့မရှိကြပေ။

လူသည် ဇနီးမောင်နှံနှင့် သားသမီးမိသားစုနှင့် လည်း အတူနေထိုင်သည်။ ကျေးရွာ၊ ရပ်ကွက်၊ မြို့ရွာ စုဖွဲ့စုစည်းကာ နိုင်ငံတိုင်းပြည်ထူထောင်ပြီး အဆင့် ဆင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်လာခဲ့ကြသည်မှာ နှစ် ပေါင်း ရှစ်ထောင်၊ နှစ်ပေါင်း တစ်သောင်းခန့်ရှိခဲ့ပေပြီ။ လူသားသည် အသက်အရွယ်ငယ်စဉ်တွင် အခြား တိရစ္ဆာန်များထက် မိခင်၊ ဖခင်ကို ပိုမိုမှီခိုရသော အားနည်းသည့် သက်ရှိတစ်မျိုးဖြစ်၏။ မိဘနှစ်ပါး၏ ပြုစုလုပ်ကျွေးမှုမရှိ၍မဖြစ်။ မိဘမဲ့သားသမီးများ ရှင်သန်ပြီး လူဖြစ်လာခြင်းမျိုးကား ဆွေမျိုးဉာတိ၊ ရပ်ရွာပတ်ဝန်းကျင်က လူကောင်းသူကောင်းများ၏ မေတ္တာကြီးမားသော ကူညီစောင့်ရှောက်မှုကြောင့်သာ ဖြစ်ပါသည်။

**မိသားစု**

လူသားတစ်ယောက်သည် တစ်ယောက်တည်း စားရေးဝတ်ရေး၊ နေထိုင်ရေးနှင့် ဘဝပျော်ရွှင်ရေးကို ဖြတ်သန်းနိုင်ရန်မှာ တောတွင်းသားတာဇံလို၊ ကာတွန်း ဇာတ်ကောင်အရိုင်းလို ရုပ်ရှင်ထဲ၊ စာအုပ်ထဲတွင်သာ ရှားရှားပါးပါးရှိပါလိမ့်မည်။ လူသည် မိသားစုဟူသော အခြေခံအကျဆုံးအဖွဲ့အစည်းယူနစ်၏အဖွဲ့ဝင်ဖြစ်ရ သည်။ ရွာသား၊ မြို့သား၊ နိုင်ငံသား၊ ကမ္ဘာသူ၊ ကမ္ဘာသား လူ့အဖွဲ့အစည်းဝင်တစ်ဦးဖြစ်လာရသည်။ ကူညီဖေးမမှု၊ ကျွေးမွေးပြုစုမှုများ မရေမတွက်နိုင် အောင်ရယူပြီးမှ လူတစ်လုံးသူတစ်လုံးဖြစ်လာရ သည်မဟုတ်ပါလား။ မိဘဆွေမျိုး၊ ဆရာသမား၊ ရပ်ရွာ၊ နိုင်ငံတော်၏ ကာကွယ်ထောက်ပံ့ခြင်းနှင့် မည်သူမျှမကင်း။

လူသားတစ်ယောက် လူလားမြောက်အောင် အခြားသောအနီးအဝေးမှ လူသားပေါင်းများစွာထံက အကောင်းအဆိုးပေးအပ်မျှဝေမှုများ ရနေခဲ့သည်။ ရှေ့လူများစိုက်ခဲ့သောစပါး၊ ဂျုံ၊ ပဲသီးနှံများကို စားရ သည်။ မိမိစိုက်ပျိုးခြင်းမဟုတ်။ ပိုး၊ ဖဲ၊ ကတ္တီပါ၊ ချည်ထည်များ မိမိရက်လုပ်ထုတ်လုပ်ခြင်းမဟုတ်၊ မိမိမသိသော အခြားလူသားများက ရက်လုပ်၊ ချုပ်လုပ်ပေးခဲ့ခြင်းသာတည်း။ စားရေး၊ ဝတ်ရေး၊ နေရေးအားလုံး သူတစ်ပါးက ဖြည့်ဆည်းပေးသော ကျေးဇူးတရားကားများလှပေသည်။ မှန်သည်။ တိုင်းပြည်ကျေးဇူး။

မိမိနှင့်မိသားစု၊ မိမိနှင့်တိုင်းပြည်။ အပြန်အလှန် ပြုစုစောင့်ရှောက်ခြင်း၊ ဖေးမကူညီခြင်း၊ လေးစား တန်ဖိုးထားခြင်း၊ မြတ်နိုးချစ်ခင်တတ်ခြင်း၊ အနစ်နာခံ ပြီး သည်းခံခွင့်လွှတ်ကာ ကြင်နာတတ်သော ဆက်ဆံရေးပုံစံရှိရမည်၊ ရှိသင့်သည်။ ကျေးဇူးသိတတ် သောအားဖြင့် ရှိအပ်သည်မှန်သော်လည်း သားသမီး နှင့်မိဘ၊ ညီအစ်ကိုချင်း၊ ညီအစ်မချင်း သူစိမ်းပြင်ပြင် စိမ်းကားရုံမျှသာမက ရက်စက်စွာရန်မူသတ်ဖြတ်ခြင်း မျိုးထိ ဆက်ဆံရေးပျက်ပြားမှုလည်း (အချို့) ရှိတတ် ခဲ့လေသည်။

**အုတ်မြစ်**

တိုင်းကြီးပြည်ကြီးစီးပွားရေး၊ နိုင်ငံရေးအုပ်ချုပ် ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် လူမှုအဆင့်အတန်းမြင့်မားအောင် ထူထောင်နိုင်ခြင်း၏ အရင်းခံအုတ်မြစ်သည် မိသားစု ဆက်ဆံရေးယဉ်ကျေးမှုကောင်းခြင်းပင် ဖြစ်ပေသည်။

တစ်ယူသန် တစ်ဇွတ်ထိုး တဇောက်ကန်းနိုင်လှ သော လူတချို့ကိုလေ့လာကြည့်သောအခါ ထိုသူတို့၏ ငယ်ရွယ်သေးကွေးကလေးဘဝတွင် မိခင်၊ ဖခင်တို့၏ ပစ်ပယ်မှု၊ စွန့်ခွာမှု၊ ကင်းကွာမှုတို့ကြောင့် လောကကို ခါးသီးနာကျင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဆက်စပ်မှု တွေ့ရတတ်သည်။ ထို့ကြောင့် လက်ဦးဆရာမည်ထိုက် စွာ ပုဗ္ဗာစရိယ မိနှင့်ဖဟု မြန်မာဆိုရိုးစကားရှိ ထားခြင်းပင်။

**လူကဲစော်**

ဖြောင့်ဖြောင့်ဖြူးဖြူးအောင်မြင်ထွန်းပေါက်သော ပုဂ္ဂိုလ်များကို နောက်ကြောင်းလေ့လာကြည့်လျှင် လူတန်းစားအလွှာအနိမ့်အမြင့်၊ ဆင်းရဲချမ်းသာခြင်း ထက် မိသားစုအတွင်း ကြင်နာချစ်ခင်ပြီး စည်းလုံးသော မေတ္တာဖွဲ့နှောင်ခြင်းအားကောင်းခဲ့သည်ကို တွေ့ရ တတ်လေသည်။

နိုင်ငံကောင်းအောင် ခေါင်းဆောင်လုပ်ချင်သည် ဟုဆိုသော နိုင်ငံရေးပါတီခေါင်းဆောင်လောင်း တချို့သည် လူငယ်ဘဝတွင် ရပ်ကျိုးရွာကျိုးကို ရေတစ်အိုးမှလည်း ပါဝင်ကူညီဖူးသူမဟုတ်၊ ရပ်ရွာ လူမှုရေး၊ ပညာရေး၊ လုံခြုံရေးကို အုတ်တစ်ချပ်စာမျှ ပါဝင်ထမ်းဆောင်ခဲ့ဖူးသူမဟုတ်။ ငယ်နုစဉ်ဘဝက လည်း မိဘကို ကျေးဇူးသိစွာ ကူညီဖေးမတတ်သူမဟုတ်၊ မရှိမသေဆက်ဆံရုံမျှမက မိုက်ရိုင်းစော်ကားသော သားဆိုးသမီးဆိုးမျိုးဖြစ်ခဲ့ကြ၏။ ထိုဝေလေ့စရိုက်ဖြင့် ကြီးပြင်းခဲ့ကြသူတို့ကား တိုင်းကျိုးပြည်ကျိုးအောင်မြင် တိုးတက်အောင် သယ်ပိုးစွမ်းဆောင်ရန် ခက်ခဲပင်ပန်း ရှာကြပါလိမ့်မည်။ "သူကြီးဖြစ်မည့်ကောင်လေးက ငယ်ငယ်ကတည်းက သျှောင်လေးနဲ့"ဟူသောစကားမှာ ထိုပုဂ္ဂိုလ်၏ ငယ်စဉ်ဘဝကပင် စိတ်ကောင်းနှလုံး ကောင်းဖြင့် တည်ကြည်အေးချမ်းပြီး မိဘစိတ်ချမ်းသာ အောင်၊ ဆရာသမားစိတ်ကြည်နူးလေအောင် ရိုသေ ကျိုးနွံစွာ ကျေးဇူးသိတတ်၊ လိမ္မာချိုသာသောအလေ့ အကျင့်ရှိခဲ့ခြင်းကို ဆိုလိုရင်းဖြစ်မည်။

**သီလနှင့်ပညာ**

နေ့ချင်းညချင်း ဇွတ်အတင်းခေါင်းဆောင်နေရာ၊ ခေါင်းဆောင်တာဝန်ကို ယူချင်နေ၍ဖြစ်နိုင်မည်မထင် ပေ။ ခေါင်းဆောင်မှုဆိုသည်မှာ ဩဇာသက်ရောက်ခြင်း ကို ဆိုလိုသည်။ သင်္ကေတ စွမ်းဆောင်နိုင်ရည်ရှိခြင်း အရည်အချင်းသည် ပတ်ဝန်းကျင်လူအများ၏ ခင်မင် လေးစား၊ ယုံကြည်အားကိုးမှုကိုရခြင်းဩဇာက စတင် ၏။ အများထု၏ယုံကြည်လေးစားမှုကား အချိန်ဖြင့် သက်သေသာဓကပြရ၏။ လေးစားလောက်သော သီလ၊ သမာဓိနှင့်ပညာတို့ကိုပြည့်စုံအောင်လေ့ကျင့် ရမည်မှန်း သိတတ်ရပေသည်။

မည်ကဲ့သို့သောသူများ အောင်မြင်ကြသနည်း။

မည်ကဲ့သို့သောသူများ ကျရှုံးပြိုလဲကြသနည်း။

သမိုင်းဟုလည်းဆိုကြသည်။ ရာဇဝင်ဟုလည်း စာတင်ကြသည်။ ဝတ္ထုဟုလည်း ပြောကြသည်။ ဇာတ် နိပါတ်ဟုလည်း ခေါ်ကြသည်။ ရာမဇာတ်တော်သည် မိမိတို့အရှေ့တောင်အာရှတစ်ခွင်လုံး နှစ်ပေါင်းများစွာ နန်းတော်၊ အိမ်တော်ပွဲသဘင်များမှသည် ရပ်ထဲရွာထဲ၊ အရပ်ပွဲ ကျေးလက်မြို့ရွာအနှံ့ **"ရာမဇာတ်"**ကို အဆို၊ အက၊ အရေး၊ အတီး၊ အနုပညာအမျိုးမျိုးဖြင့် အစဉ် အလာသိမြင်ခံစားခဲ့ကြရပါသည်။ စာဖတ်သူတချို့ မဖတ်ဖူး၊ မကြည့်ဖူးလျှင် ဆရာချစ်ဦးညို၏ ဝတ္ထု လင်္ကာဒီပချစ်သူကို ပန်းချီဆရာဝသုန်ရေးဆွဲသော စာအုပ်ကို စာကြည့်တိုက်များ၊ အငှားဆိုင်များတွင် ရှာ၍ဖတ်ကြည့်နိုင်ပါမည်။ ဆရာဇော်ဂျီ အစရှိသော ပညာရှိဆရာကြီးများ ရေးသားကြသော ရာမဇာတ် တော်ဆိုင်ရာ ယဉ်ကျေးမှုအနုပညာစာအုပ်စာတမ်းများ အလွန်များပြားသည်။ မိမိတို့ယဉ်ကျေးမှုနှင့် အာရှ ဆိုင်ရာဓလေ့ထုံးတမ်းအတွေးအခေါ်များကို ပိုမို နားလည်နိုင်ပါမည်။

**ဓာပေအမြင်**

မိသားစုအတွင်းတွင် ချစ်ခင်စည်းလုံးခြင်းကို ဇာတ် ရုပ်များ၏အပြုအမူများဖြင့် ဇာတ်လမ်းဇာတ်ကွက်ကို ဆက်လက်စိတ်ဝင်စားအောင် ဆွဲဆောင်ခေါ်ယူသွား ပါသည်။ မည်သည့်စာအုပ်မှာမှ ရေးသားထားခဲ့ခြင်း မရှိသော နှိုင်းယှဉ်ရှုမြင်သင့်သောရှုထောင့်တစ်ခု နမူနာကောက်ယူဖော်ပြပါရစေ။

မိသားစုမွေးမြူပျိုးထောင်ပုံချင်းမတူခဲ့ကြသော အောက်ပါညီအစ်ကိုနှစ်ယောက်တွဲသုံးစုံကို နှိုင်းယှဉ် ၍ သုံးသပ်ဆင်ခြင်ကြည့်လိုက်စေလိုပါသည်-

**၁။ ရာမနှင့် လက္ခဏ ညီအစ်ကိုနှစ်ယောက်**

**၂။ ဒသဂီရိနှင့် ဘိဘိသနညီအစ်ကိုနှစ်ယောက်**

**၃။ သုဂြိဟ်နှင့် ဘာလီမျောက်ညီအစ်ကိုနှစ်ယောက်**

သူ့အုပ်စု၊ သူ့အဖွဲ့အစည်းအတွင်းက ခေါင်းဆောင် မင်းညီမင်းသား၊ ဘုရင်လောင်းလျာများ၊ ဘုရင်မင်း ဖြစ်လာသူများကို မြင်ကွင်းကျယ်ဖြန့်၍ ယှဉ်ကြည့် လျှင် ဘာမြင်ရပါသနည်း။

တစ်အူထုံဆင်းညီအစ်ကိုချင်း ချစ်ခင်ကြင်နာ အနစ်နာခံပုံ၊ ဦးစားပေးပုံများ၊ တစ်ကိုယ်ကောင်းဆန် စွာ ရန်လိုတိုက်ခိုက်ပုံများ။မိမိကိုယ်ကိုပြန်ကြည့်လိုက်ပြီး ငါဟာဘယ်လိုညီအစ်ကိုမျိုးလဲဟု စဉ်းစားကြည့်ပါဦး။

မိမိတို့ဘဝကို မိမိတို့ကိုယ်တိုင်သာ ဖန်တီးကြရပါ သည်။ သဒ္ဒိသံ ပါကံ ဇနေတိ။ ကိုယ်ပြုသည့်ကံအတိုင်း ကောင်းကျိုးဆိုးပြစ်စံစားခံစားကြရသည်သာဖြစ်ပါ၏။

**ပြုသမျှ**

ယံ ကမ္မံ ကရိဿာမိ၊ ကလျာဏံဝါ ပါပကံဝါ၊ တဿဒါယာဒေါ၊ ဘဝိဿာမိတိ။ ကောင်းမှုကို ပြုသော် ကောင်းကျိုးရမည်။ မကောင်းမှုကိုပြုလျှင် မလွဲမသွေဆိုးဒဏ်သင့်မည်။ ကိုယ်ပြုသည့်ကံ ပဲ့တင် သံပဲ ကိုယ့်ထံပြန်လာမြဲ။ အတ္တာဟိ အတ္တနော နာထော၊ ကောဟိနာထောပရောသိယာ။ မိမိကိုယ်သာ အားကိုး ရာ။ တစ်ပါးသူသည် အဘယ်မှာ မိမိ၏အားကိုးအားပြု ဖွယ်ရာဖြစ်ပါအံ့နည်း။ အတ္တာန မေဝ ပဌမံ၊ မိမိ ကိုယ်ကို ကောင်းမွန်စွာစောင့်ရှောက်ဖြည့်ဆည်းရန် အရေးကြီးပါ၏။

(သူများကိုကြည့်ပြီး ပုသည်၊ ရှုည်သည်၊ ဖြူသည်၊ မည်းသည်၊ ပါးစပ်ပြဲသည်၊ မျက်စိစွေသည်၊ ပိန်သည်၊ ဝသည် ဝေဖန်ပြောဆိုရင်း ကိုယ့်အလုပ်မဟုတ်သည် များနှင့် အချိန်အဖိုးတန်များ လေလွင့်ဆုံးရှုံးမနေစေ နှင့်။ မိမိကိုယ်ကို ဝေဖန်သုံးသပ်ရန်ကိစ္စကိုသာ ပထမ ဦးစားပေးရှုမြင်ရမည်)

အောင်မြင်သောအခါ ငါတော်၍ဟု လက်မ ထောင်၏။ မိမိရှုံးနိမ့်သောအခါ ပတ်ဝန်းကျင်မကောင်း လို့ဟု အပြစ်ဆို၏။ မိမိဘာလိုအပ်ခဲ့သလဲ ပြန်မသုံး သပ်တတ်ပေ။ ဘဝဇာတ်ဆရာဆိုသမျှ အလိုကျ ငိုခဲ့ရ၊ ကခဲ့ရသည်ဟု အချို့က လွဲမှားသောအဘိဓမ္မာအမြင် ကို ဖြန့်ဝေခဲ့ကြ၏။

ပတ်ဝန်းကျင်အသိုင်းအဝိုင်းကခွဲ၍ ငါတို့နှစ်ဦး ရင်ကွဲခဲ့ကြသည်ဟု လွမ်းပြဆွေးကြ၏။ အစစ်အမှန် နည်းလမ်းတကျ မိမိကိုယ်ကို ပြန်လည်သုံးသပ်ပြုပြင် ခဲ့လျှင်သာ အောင်မြင်နိုင်မှာမဟုတ်ပေဘူးလား။

**လှည့်ဖြားစံရ**

မြတ်စွာဘုရားက ပေးဝေစွန့်လှူခြင်းကို ချီးမွမ်း၏။ လှူကြတန်းကြ၏။ မီးလင်းရန်၊ ရေရရန်၊ လမ်းကောင်း ရန်ထည့်ခြင်းထက် ဆူပူသတ်ဖြတ်ကြရန် သေနတ်ဝယ် ရန်၊ ဒရုန်းဝယ်ရန်၊ ဗုံးဝယ်ရန်၊ မိုင်းဝယ်ရန် လှူဒါန်း ထောက်ပံ့။ ကုသိုလ်တစ်ပဲပြုလျက် ငရဲတစ်ပိဿာလုပ် နေမိသလော။

မှန်ရာပြုလျှင် တိုးတက်အောင်မြင်ကြပေမည်။

ဘေးချော်ပြီး လွဲရာမှားရာများနှင့် လုံးချာလည် လိုက်ပြီး အချိန်များကုန်လှပေပြီ။ သင်ခန်းစာရသင့်ပြီ။

ဒသဂီရိက **သူတော်စင်ရသေ့ရဟန်း**အသွင် ဟန်ဆောင်လှည့်စားသည်။ ရသေ့ဟုပဲမြင်ရှာ၏။ မသိ။

ဂမ္ဘီဘီလူးမ (ဒသဂီရိ၏နှမ)က ရွှေသမင်အသွင် ယူ ဟန်ဆောင်ချဉ်းကပ်ဆွဲခေါ်၏။ လိုချင်၏။ မယ်သီတာက ရာမမင်းသားကို သမင်ဖမ်းရန် အတင်း ပူဆာလေ၏။ လှည့်စားခြင်းကိုမရိပ်မိ။ မသိခဲ့။

ရာမမင်းသားက မော်ရုံဟေဝန်တောမြိုင်ကြီးတွင် လှည့်စားမှုများ၊ ဖြားယောင်းမှုများ၊ လိမ်ညာမှု၊ ဟန်ဆောင်မှုများအသင်္ချေ၊ ရန်အန္တရာယ်ထွေပြားလွန်း လှသဖြင့် ဤစည်းဝိုင်းအတွင်းမှ မထွက်လေနှင့်ဟု **"စည်း"**ချခဲ့သော်ငြား မယ်သီတာကား သစ်သီးလှူပေး ရန် ရသေ့အယောင်ဆောင်ဒသဂီရိရှိရာ ထွက်သွားခဲ့မိ သည်တကား။

**နိဂုံး**

ဟန်ဆောင်လှည့်စားတတ်သော တန်ခိုးရှင် အင်အားကြီးခေတ်သစ်နယ်ချဲ့ကိုလိုနီနိုင်ငံများ၏ ထောင်ချောက်များ၊ ဖုံးကွယ်ဆွဲဆောင်မှု၊ ခြိမ်းခြောက် ဖိအားပေးမှုများကို ပြည်သူများမြင်အောင်ကြည့်တတ်၊ သိအောင်ဆင်ခြင်သုံးသပ်တတ်အောင် ဘယ်သူတွေက မီးမောင်းထိုးပြကြမှာပါလဲ။

မိမိနှင့် မိသားစု၊ အိမ်ထောင်တစ်ခု၏ စားဝတ် နေရေးရှင်သန်မှုတစ်ခုတည်းအတွက် ချွေးသံရွှဲနစ် အောင် ရုန်းကန်နေကြရုံမျှဖြင့် ၂၁ ရာစု အင်အားကြီး နိုင်ရာစား တောရိုင်းတိရစ္ဆာန်များ၏ ရက်စက်ယုတ်မာ နေပုံများကို တိုင်းပြည်အတွက် သတိထားရကောင်းမှန်း သိကြပါစေလား။

**တို့နိုင်ငံကို တို့ဖန်တီးနိုင်ပါသည်။**

သူတစ်ပါးအားကိုးမိ၍ မိအေးအခါခါနာကျင်ခဲ့ရ ပုံများကို သမိုင်းသင်ခန်းစာအဖြစ် ရှောင်ကြဉ်တတ် ရပေတော့မည်။ မိမိအရေးထက် တိုင်းပြည်အတွက် အနာဂတ်ရေရှည်ဦးစားပေးစဉ်းစားတတ်သောလူငယ် များ ဖြစ်ကြစေချင်ပါသည်။

❖ ဟန်ဆောင်လှည့်စားတတ်သော တန်ခိုးရှင် အင်အားကြီးခေတ်သစ်နယ်ချဲ့ကိုလိုနီနိုင်ငံများ၏ ထောင်ချောက်များ၊ ဖုံးကွယ်ဆွဲဆောင်မှု၊ ခြိမ်းခြောက်ဖိအားပေးမှုများကို ပြည်သူများမြင်အောင်ကြည့်တတ်၊ သိအောင်ဆင်ခြင်သုံးသပ်တတ်အောင် ဘယ်သူတွေက မီးမောင်းထိုးပြကြမှာပါလဲ။ မိမိနှင့် မိသားစု၊ အိမ်ထောင်တစ်ခု၏ စားဝတ်နေရေးရှင်သန်မှု တစ်ခုတည်းအတွက် ချွေးသံရွှဲနစ်အောင် ရုန်းကန်နေကြရုံမျှဖြင့် ၂၁ ရာစု အင်အားကြီး နိုင်ရာစားတောရိုင်းတိရစ္ဆာန်များ၏ ရက်စက်ယုတ်မာနေပုံများကို တိုင်းပြည်အတွက် သတိထားရကောင်းမှန်းသိကြပါစေလား။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုပို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ပြည်နယ်နှင့် တိုင်းဒေသကြီးကိုးခုတွင် ဆီထွက်သီးနှံစိုက်ပျိုးရေးစီမံကိန်းဝင်သီးနှံများနှင့် အခြားသောသီးနှံများကို ဆိုလာရေတင်စနစ်ဖြင့်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်နယ်နှင့် တိုင်းဒေသကြီးကိုးခုတွင် ဆီထွက်သီးနှံစိုက်ပျိုးရေးစီမံကိန်းဖြင့် စီမံကိန်းဝင်သီးနှံများနှင့်အခြားသောသီးနှံများကို ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

ရောဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရန်ကုန်တိုင်းဒေသကြီး ဟူသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုးခုတွင် ဆီထွက်သီးနှံစိုက်ပျိုးရေးစီမံကိန်းဖြင့် စီမံကိန်းဝင်သီးနှံများနှင့် အခြားသောသီးနှံများကို ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရေးရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းရင်းသားလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါဖိတ်ခေါ် ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ယခုအခါ တင်ဒါအဆိုပြုလွှာများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအမှတ်(၃၆) နေပြည်တော်တွင် ရောင်းချပေးနေပြီဖြစ်ကြောင်း၊ တင်ဒါအဆိုပြုလွှာပုံစံများကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီ မိနစ် ၃၀ နောက်ဆုံးထားကာ အဆိုပါရုံးဌာနသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ဆီထွက်သီးနှံစိုက်ပျိုးရေးစီမံကိန်းဖြင့် စီမံကိန်းဝင်သီးနှံများနှင့် အခြားသောသီးနှံများကို ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ပြည်ပစားအုန်းဆီ တင်သွင်းမှုလျှော့ချရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများက ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူ တောင်သူအစုအဖွဲ့ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သမဝါယမအသင်းစနစ်ဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ SKL

# မင်းဘူးမြို့နယ် ဓူဝံကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ဓူဝံကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ဓူဝံကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ငွေကျပ် ၃၃၄ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ဓူဝံကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၂၁၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၈၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃၀ ဒသမ ၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၀၀ ကို ငွေကျပ် ၃၃၄ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။ **ခင်မာ**

# သုံးပါးရတနာနှင့် ဗုဒ္ဓဥယျာဉ်သာ

**သုံးပါးရတနာ**

- လူနတ်နှင့်ဗြဟ္မာရှာ
  နဂါးရှာ ဂဠုန်ရပ်
  သိမှတ်ရတနာ၊
  အရပ်ရပ်မယှဉ်သာ
  ရတနာမြတ်သုံးပါး၊
  မြတ်ထက်မြတ် လွန်ထင်ရှား
  ဖူးကြစို့လား။

**ဘုရားရတနာ**

- မဟိမာဘုန်းတော်မြတ်
  ရည်မှတ်လို့ ရှိကော်ရော်
  ရပ်ပွားတော် "မာရဝိဇယ"
  ဦးချပူဇော်၊
  ပမာဏကြီးမြတ်ဉာဏ်တော်
  ကမ္ဘာပေါ် တုမရှိ၊
  ဖူးမြော်ရန် လာပါဘိ
  နေပြည်တော်ညာကြေသိ
  ဒက္ခိဏသီရိ။

**တရားရတနာ**

- ကုသိုလ်တော်ပမာထပ်
  ပိဋကတ်ကျောက်စာရုံ
  စေတီပုံ ရတနာတစ်ပါး
  ဝပ်တွားကြည်ယုံ၊
  ဦးတင်သ လက်ကြာငုံ
  အစုံစုံဖူးမဝ၊
  ရေတွက်ခါဦးနှိမ်ချ
  ခွန်နှစ်သုည။

**သံဃာရတနာ**

- မြတ်နိုးဖွယ် စဉ်ထာဝရ
  စောင့်ရှောက်ရ စဉ်မကွာ
  ကျောင်းတော်သာ "မာရဝိဇယ"
  မိကရမြင်သာ၊
  သီတင်းသုံး ထေရ်သံဃာ
  ဖူးစရာရတနာတစ်ပါး၊
  ဥယျာဉ်သာမှာထင်ရှား
  ဦးချဝပ်တွား။

**ဗုဒ္ဓဥယျာဉ်သာ**

- ဂန္ဓကုဋိ ဇရပ် သိမ်ကျောင်း
  ခေါင်းလောင်းနှင့် ဗောဓိပင်
  လင်းလွန်းပင် အင်ကြင်းတော
  သာမောစုံလင်၊
  မုစလိန္ဒကန်ကြည်လင်
  ရှိဦးတင် နဂါးရုံဘုရား
  တံခွန်တိုင် မြင့်မြင့်မား
  ကူးကြမယ် မင်္ဂလာတံတား
  ဗိုလ်ဟန်နံပြေ စုံဘုရား၊
  ရေသပွာယ် သဒ္ဒါပွား
  ဖူးကြအများ။ ။

**ကျော်စောဟန်**

# SCIENCE AND TECHNOLOGY

## ဟာရီကိန်းမုန်တိုင်းကြောင့် Space- X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ လွှတ်တင်ရေးအစီအစဉ် နောက်ဆုတ်ထား




**ဝါရှင်တန် ဩဂုတ် ၂၀**

ပစိဖိတ်သမုဒ္ဒရာဒေသ ဟာရီကိန်းမုန်တိုင်းကြောင့် Space- X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများ လွှတ်တင်ရေးအစီအစဉ်ကို ဩဂုတ် ၂၂ ရက်သို့ နောက်ဆုတ်ထားကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် မူလက စတားလင့်ခ်ဂြိုဟ်တုများကို ဩဂုတ် ၁၈ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ပစိဖိတ်ဒေသ၌ ဖြစ်ပေါ်နေသည့် ဟီလာရီအမည်ရှိ ဟာရီကိန်းမုန်တိုင်းကြောင့် စတားလင့်ခ်ဂြိုဟ်တုသစ်များကို ဩဂုတ် ၂၂ ရက်မှပင် လွှတ်တင်မည်ဖြစ်သည်ဟု Space-X က ကြေညာထားကြောင်း သိရသည်။

ဩဂုတ် ၂၂ ရက်တွင် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၂၁ စင်းကို ကယ်လီဖိုးနီးယားပြည်နယ် မင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

ဟာရီကိန်းမုန်တိုင်းကြောင့် စတားလင့်ခ်ဂြိုဟ်တုများ ပစ်လွှတ်ရာတွင်အသုံးပြုသည့် ဖယ်လ်ကွန်-၉ ဒုံးပျံ ပင်မဒုံးယာဉ်ပြန်လည်ရယူရေးလုပ်ငန်းစဉ် ချွတ်ချော်သွားနိုင်ကြောင်း Space-X ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် လက်ရှိအချိန်ထိ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုပေါင်း အစင်း ၅၀၀၀ ခန့် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။ KKO

## နာဆာ၏ Luna Gateway လပတ်အာကာသစခန်းယာဉ်ကို အားတီးမစ်-၄ မစ်ရှင် အာကာသယာဉ်မှူးများက ပထမဆုံးအသုံးပြုကြရမည်

**ဝါရှင်တန် ဩဂုတ် ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ Luna Gateway လပတ်အာကာသစခန်းယာဉ်ကို အားတီးမစ်-၄ မစ်ရှင် အာကာသယာဉ်မှူးများက ပထမဆုံး အသုံးပြုကြရမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် Luna Gateway လပတ်အာကာသစခန်းကို အားတီးမစ်လဆင်းမစ်ရှင်များအတွက် အဓိကကြားခံအာကာသစခန်းအဖြစ် မှတ်ယူထားသည်။

အဆိုပါ လပတ်အာကာသစခန်းယာဉ်၏ ပင်မအစိတ်အပိုင်းများကို အားတီးမစ်-၃ မစ်ရှင် မလွှတ်တင်မီ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။



သို့ရာတွင် Luna Gateway လပတ်အာကာသစခန်းယာဉ်ကို အားတီးမစ်-၃ မစ်ရှင် အာကာသယာဉ်မှူးများအသုံးပြုရမည်မဟုတ်ဘဲ အားတီးမစ်-၄ မစ်ရှင် အာကာသယာဉ်မှူးများက စတင်အသုံးပြုရမည်ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်ကို ၂၀၂၅ ခုနှစ် သို့မဟုတ် ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထားပြီး အားတီးမစ်-၄ မစ်ရှင်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Luna Gateway လပတ်အာကာသစခန်းယာဉ်၏ အဓိကပင်မ ကိုယ်ထည်နှစ်ခုကို ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် နာဆာက စီစဉ်ထားကြောင်း သိရသည်။

KKO

## အိန္ဒိယအာကာသအေဂျင်စီ၏ ချန်ဒရာယန်း-၃ လဆင်းယာဉ်က လမျက်နှာပြင်ပေါ်ဆင်းသက်ရန်မကြိုးစားမီ လမျက်နှာပြင်ကို ဓာတ်ပုံများထပ်မံရိုက်ကူးခဲ့

**နယူးဒေလီ ဩဂုတ် ၂၀**

အိန္ဒိယအာကာသအေဂျင်စီ၏ ချန်ဒရာယန်း-၃ လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်ဆင်းသက်ရန်မကြိုးစားမီ ရက်ပိုင်းအလိုတွင် လမျက်နှာပြင်ကို ဓာတ်ပုံများ ထပ်မံရိုက်ကူးခဲ့ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

အိန္ဒိယအာကာသအေဂျင်စီသည် ချန်ဒရာယန်း-၃ လဆင်းယာဉ်မစ်ရှင်ကို ဇူလိုင် ၁၄ ရက်က လွှတ်တင်ခဲ့ရာ ဩဂုတ် ၅ ရက်တွင် လပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။

ချန်ဒရာယန်း-၃ လဆင်းယာဉ်သည် စတင်လွှတ်တင်ချိန်မှစ၍ လပတ်လမ်းအတွင်း ဝင်ရောက်ချိန်ထိ ပျံသန်းရာလမ်းတစ်လျှောက် ဓာတ်ပုံများ ရိုက်ကူးခဲ့သည်။

ချန်ဒရာယန်း-၃ လဆင်းယာဉ်သည် ဩဂုတ် ၂၃ ရက်တွင် လကမ္ဘာ တောင်ဝင်ရိုးစွန်းဒေသသို့ ဆင်းသက်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

ဆင်းသက်မှုအောင်မြင်ခဲ့ပါက အိန္ဒိယနိုင်ငံသည် အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ပြီးလျှင် လပေါ်သို့လဆင်းယာဉ် အောင်မြင်စွာစေလွှတ်နိုင်သည့် စတုတ္ထမြောက် ကမ္ဘာ့နိုင်ငံ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ရှေးယခင်က ချန်ဒရာယန်း-၁ မစ်ရှင်၊ ချန်ဒရာယန်း-၂ မစ်ရှင်များဖြင့် လပေါ်သို့ လဆင်းယာဉ်စေလွှတ်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

KKO

# HEALTH

## တံတွေးအတွင်းသွေးဖြူဆဲလ် ပါဝင်မှုမြင့်မားခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါလက္ခဏာကြား ဆက်စပ်မှုရှိနေ

**အော့တဝါ ဩဂုတ် ၂၀**

အရွယ်ရောက်သူများ၏ တံတွေးအတွင်းသွေးဖြူဆဲလ်ပါဝင်မှုမြင့်မားခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါ ရှေ့ပြေးလက္ခဏာတစ်ရပ်ကြား ဆက်စပ်မှုရှိနေကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက ဩဂုတ် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

ကနေဒါနိုင်ငံ မောင့်ရှိုင်ရယ်လ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွားဖုံးများ ရောင်ရမ်းမှုပြဿနာကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့်ဆက်စပ်နေသည့် Periodontitis ခေါ် သွားဖုံးရောင်ရောဂါဖြစ်ပွားနိုင်ကြောင်း သိရသည်။

တံတွေးအတွင်း သွေးဖြူဆဲလ်များပါဝင်မှု မြင့်မားခြင်းသည် သွားဖုံးရောင်ရမ်းမှု၏ လက္ခဏာဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ တံတွေးအတွင်း သွေးဖြူဆဲလ်ပါဝင်မှုနှုန်း မြင့်မားနေမှုသည် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ၏ ရှေ့ပြေးနိမိတ်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Periodontitis သွားဖုံးရောင်ရောဂါသည် အဖြစ်များသည့်သွားဖုံးကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သော်လည်း နှလုံးသွေးကြောရောဂါများဖြစ်ပွားနိုင်မှု၏ ရှေ့ပြေးလက္ခဏာလည်း ဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ကနေဒါသုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၂၈ ဦးတို့၏ တံတွေးနမူနာများဖြင့် သွေးဖြူဆဲလ်များပါဝင်မှုကို တိုင်းတာလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## သွေးစစ်ဆေးမှုပုံစံသစ်များက ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားသူများကို ဖော်ထုတ်ပေးလာနိုင်

**လန်ဒန် ဩဂုတ် ၂၀**

သွေးစစ်ဆေးမှု ပုံစံသစ်များသည် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားသူ အမျိုးသမီးများကို ပို၍ထိရောက်စွာ ဖော်ထုတ်ပေးလာနိုင်ကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

ရင်သားကင်ဆာရောဂါနှင့် ဆက်စပ်နေသော မျိုးဗီဇသစ် အနည်းဆုံးလေးမျိုးကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ရင်သားကင်ဆာဖြစ်နိုင်ခြေ မြင့်မားသော အမျိုးသမီးများကို သွေးစစ်နည်းဖြင့် ပို၍ထိရောက်စွာဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များက အဆိုပြုခဲ့ကြပြီးဖြစ်သည်။

ရင်သားကင်ဆာနှင့် ဆက်စပ်နေသော မျိုးဗီဇအဖြစ် လူသိများသည့် မျိုးဗီဇများမှာ BRCA1 ကဲ့သို့ မျိုးဗီဇများဖြစ်ကြသည်။

သို့ရာတွင် ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ရင်သားကင်ဆာရောဂါနှင့်ဆက်စပ်နေသော မျိုးဗီဇသစ်လေးမျိုးကို ထပ်မံတွေ့ရှိထားပြီး ၎င်းမျိုးဗီဇလေးမျိုးအနက် တစ်မျိုးမှာ ရင်သားကင်ဆာဖြစ်နိုင်ခြေကို ငါးဆထိမြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါ မျိုးဗီဇသစ်များကို MAP3k1၊ SAMHD1၊ LZ-TR1 နှင့် CDKN2Aဟူ၍ သုတေသနပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

၎င်းမျိုးဗီဇများအနက် MAP-3K1 မျိုးဗီဇကြောင့် အမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ငါးဆ ပိုများလာနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO






# ဘုန်းမောက်အသင်းက တိုင်လာအဒမ်ကို ယူရို ၂၂ သန်းဖြင့်ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်

**လန်ဒန် ဩဂုတ် ၂၀**

ဘုန်းမောက် အသင်းသည် လိဒ်အသင်းမှ ကွင်းလယ်ခံစစ်ကစားသမား တိုင်လာအဒမ်ကို ပြောင်းရွှေ့ကြေးယူရို ၂၂ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ငါးနှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘုန်းမောက် အသင်းသည် လာမည့်နှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဆက်လက်ကစားခွင့်ရရှိရေးအတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် အယ်ခမာအသင်းခံစစ်ကစားသမား ကီရက်ဇ်၊ အင်တာမီလန်အသင်း ဂိုးသမား ရာဒူ၊ ဘရစ္စတိုးအသင်းကွင်းလယ်ကစားသမားစကော့၊ နော့ဝှစ်ချ်အသင်းခံစစ်ကစားသမား မက်အာရွန်၊ လိုင်ယွန်အသင်း တောင်ပံကစားသမား ဖာဗရီ၊ ရိုးမားတောင်ပံကစားသမား ကလိုက်ဘက်တို့ကိုခေါ်ယူနိုင်ခဲ့ပြီးနောက် ယခုအခါ လိဒ်အသင်းခံစစ်ကစားသမား တိုင်လာအဒမ်ကို ခေါ်ယူခဲ့ကာ ခုနစ်ယောက်မြောက်ကစားသမားသစ်ခေါ်ယူနိုင်ခဲ့သည်။

ဘုန်းမောက် အသင်းသည် အသက် ၂၄ နှစ်ရှိ ခံစစ်ကစားသမား တိုင်လာအဒမ်အတွက် ပြောင်းရွှေ့ကြေးယူရို ၂၂ သန်းအပြင် အပိုဆုကြေးပါပေးချေခဲ့ရပြီး လာမည့် ၂၀၂၈ ခုနှစ်ထိ ငါးနှစ်သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့ကာ ယနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘုန်းမောက် အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲနှစ်ပွဲကစားခဲ့ရာတွင် ဝက်စ်ဟမ်းအသင်းကို တစ်ဂိုးစီသရေရလဒ်ဖြင့်လည်းကောင်း၊ လီဗာပူးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့သောကြောင့် လာမည့် ဩဂုတ် ၂၆ ရက်တွင် ကစားရမည့် စပါးအသင်းနှင့် အိမ်ကွင်းပွဲစဉ်တွင် နိုင်ပွဲရရှိရန်အတွက် ကစားသမားဖြည့်တင်းမှုများပြုလုပ်၍ ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ ML




| ပရီးမီးယားလိဂ် ပွဲစဉ် (၂) ရလဒ် | | | | |
|---|---|---|---|---|
| အေဗီလာ | ၄ | - | ၀ | အဲဗာတန် |
| ဝက်စ်ဟမ်း | ၃ | - | ၁ | ချဲလ်ဆီး |

| ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁) ရလဒ် | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၄ | - | ၁ | မိန့်ဇ် |
| ဖရန့်ဖတ် | ၁ | - | ၀ | ဒမ်စတပ် |

(ဝ၄၀)

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းက ခံစစ်ကစားသမား ကန်ဆယ်လိုကိုခေါ်ယူရန် မန်စီးတီးအသင်းနှင့်ထပ်မံဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းကဘာစီလိုနာအသင်း ခံစစ်ကစားသမား ဆာဂျီနိုဒက်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်းကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ကွင်းလယ်ကစားသမား မက်ဒီဆင်အနေဖြင့် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သောကြောင့် ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ML

# တိုက်စစ်မှူး မက်ဆီ၏ အင်တာမီယာမီအသင်း လိဂ်ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူး



**ဝါရှင်တန် ဩဂုတ် ၂၀**

အင်တာနေရှင်နယ်လိဂ်ဖလားပြိုင်ပွဲဗိုလ်လုပွဲစဉ်တွင် နက်ဗီလီအသင်းနှင့် အင်တာမီယာမီအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ အင်တာမီယာမီအသင်းက ၁၀ ဂိုး ကိုးဂိုးဖြင့် အနိုင်ယူ၍ ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်တာမီယာမီအသင်းသည် တိုက်စစ်မှူး မက်ဆီ၏ဦးဆောင်မှုဖြင့် ပွဲစကတည်းက ပြိုင်ဘက်ကိုဖိအားပေးကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၂၃ မိနစ်တွင် မက်ဆီက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် နက်ဗီလီအသင်းက တန်ပြန်တိုက်စစ်မှ ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၅၇ မိနစ်တွင် ချေပဂိုးပြန်လည်ရရှိခဲ့ပြီး တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် အချိန်ပိုဆက်လက်ကစားခြင်းမရှိဘဲ ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ အင်တာမီယာမီအသင်းကတိုက်စစ်မှူး မက်ဆီအပါအဝင် အဓိက ကစားသမားများအားလုံးက ပင်နယ်တီ ၁၀ ကြိမ်ကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ပြီး နက်ဗီလီအသင်းက ပင်နယ်တီကိုးကြိမ်သာ ဂိုးရရှိခဲ့သောကြောင့် ၁၀ ဂိုးကိုးဂိုးဖြင့် အင်တာမီယာမီအသင်းကအနိုင်ရခဲ့ပြီး ပထမဆုံး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML

# ချဲလ်ဆီးအသင်းက မောင့်ပယ်လီယာတိုက်စစ်မှူး ဝါဟီကို ကြားဖြတ်ခေါ်ယူရန်ကြိုးပမ်း

**လန်ဒန် ဩဂုတ် ၂၀**

ချဲလ်ဆီးအသင်းသည် ဝက်စ်ဟမ်းအသင်းကခေါ်ယူရန် သဘောတူညီမှုရရှိထားသည့် မောင့်ပယ်လီယာ တိုက်စစ်မှူး ဝါဟီကိုကြားဖြတ်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း Yahoosports.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ဝက်စ်ဟမ်းအသင်းသည် တိုက်စစ်မှူးဝါဟီကိုပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၄ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိထားသော်လည်း နည်းပြပိုချက်တီနိုက တိုက်စစ်ပိုင်းလိုအပ်ချက်ကို ထပ်မံဖြည့်တင်းနိုင်ရေးအတွက် တိုက်စစ်မှူး ဝါဟီကိုကြားဖြတ်ခေါ်ယူရန်ကြိုးပမ်းခဲ့သည်။

တိုက်စစ်မှူး ဝါဟီသည် ပြီးခဲ့သည့်ဘောလုံးရာသီက မောင့်ပယ်လီယာအသင်းအတွက် ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၉ ဂိုးထိ သွင်းယူခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းခဲ့သော်လည်း ဝါဟီကပရီးမီးယားလိဂ်တွင် ပြောင်းရွှေ့ကစားလိုကြောင်း ပြောကြားခဲ့ပြီး ဝက်စ်ဟမ်းအသင်း၏ကမ်းလှမ်းမှုကိုလက်ခံခဲ့သော်လည်း ယခုအခါ ချဲလ်ဆီးအသင်းက လက်ဦးမှုရယူနိုင်ရန်ကြိုးပမ်းခဲ့ကာ ကစားသမားနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

ချဲလ်ဆီးအသင်းသည် အသက် ၂၁ နှစ်ရှိတိုက်စစ်မှူး ဝါဟီကို နွေရာသီ အပြောင်းအရွှေ့ကာလစကတည်းကခေါ်ယူရန် ယူရို ၂၈ သန်းဖြင့်ကမ်းလှမ်းခဲ့ရာ မောင့်ပယ်လီယာအသင်းဥက္ကဋ္ဌ နီကိုလင်းက ငြင်းပယ်ခဲ့ပြီးယူရိုသန်း ၅၀ အလိုရှိကြောင်း ပြောကြားခဲ့ပြီးနောက် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့သော်လည်း လက်ရှိတွင်ချဲလ်ဆီးအသင်းက ဝါဟီကိုထပ်မံခေါ်ယူရန်ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML

# Cincinnati Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဆင့်တွင် အယ်ကာရက်ဇ်နှင့်ဂျိုကိုဗစ်တို့ ယှဉ်ပြိုင်ကစားသွားရမည်

**ဇင်ဇင်နာတီ ဩဂုတ် ၂၀**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့တွင် ကျင်းပနေသည့် Cincinnati Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်တို့ဗိုလ်လုပွဲစဉ်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း Sports Net သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အယ်ကာရက်ဇ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ပိုလန် တင်းနစ်ကစားသမား ဟာကက်ဇ်နှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး အယ်ကာရက်ဇ်က (၃-၆၊ ၇-၆ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် ဂျိုကိုဗစ်က ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား အလက်ဇန်းဒါးဇီရက်ဗ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂျိုကိုဗစ်က (၇-၆ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်အနေဖြင့် နှစ်နှစ်အတွင်း အမေရိကန်မြေတွင် ပထမဦးဆုံးအကြိမ် ပြန်လည်ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်း Cincinnati Masters တင်းနစ်ပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ်ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဂျိုကိုဗစ်နှင့် ဗိုလ်လုပွဲစဉ်တွင် ယှဉ်ပြိုင်ကစားရမည့် အယ်ကာရက်ဇ်သည် ၁၉၉၁ ခုနှစ်နောက်ပိုင်း Cincinnati Masters တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်သို့တက်ရောက်နိုင်ခဲ့သည့် ပထမဦးဆုံး အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။



အယ်ကာရက်ဇ်က "ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ဟာကက်ဇ်ကလဲ အရမ်းကောင်းနေတော့ ကစားရတာ တော်တော်လေးကိုခက်ခဲခဲ့ပါတယ်။ ပွဲချိန်ကြာခဲ့တာတွေက အရေးမကြီးပါဘူး။ အရေးကြီးတာကအနိုင်ရဖို့ပါပဲ။ နောက်ကနေလိုက်ကစားခဲ့ရတယ်ဆိုပေမဲ့လဲ အကောင်းဆုံးပုံစံတစ်ခုပြန်ရခဲ့တာကို ဝမ်းသာဂုဏ်ယူပါတယ်။ ဗိုလ်လုပွဲစဉ်အဆင့် ကစားရတော့မှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်က "Cincinnati Masters တင်းနစ်ပြိုင်ပွဲမှာ လေးနှစ်အတွင်း ပထမဦးဆုံးပြန်လည်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ လေးနှစ်ဆိုတဲ့ကာလဟာ ခဏလေးလိုပါပဲ။ အချိန်ကုန်တာ အရမ်းမြန်တယ်။ ၂၀၁၈ ခုနှစ်တုန်းက ဒီပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တယ်။ အဲဒီတုန်းက ခံစားချက်ကို အခုထိမမေ့သေးပါဘူး။ နောက်ထပ် ဒီလိုခံစားမှုများခံစားခွင့်ရချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် မြဝတီအသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာ အားကစားကွင်းတွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြဝတီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုအတွက် အနီးစပ်ဆုံး အနေအထားသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၁ မိနစ်နှင့် ၄၅ မိနစ်တွင် စန်းသော်သော်က မြဝတီအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းပြီးဆုံးချိန်တွင် မြဝတီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပွဲစဉ်တွင် သစ္စာအားမာန်အသင်း၏ ချေပဂိုးများနှင့် အနိုင်ဂိုးများအတွက် ပြန်လည် ဖိအားပေးကစားခဲ့မှုများကြောင့် ပထမပိုင်းကထက်ပိုမို အကြိတ်အနယ်ရှိခဲ့ကာ မြဝတီအသင်းအခက်တွေ့ခဲ့ပြီး ပွဲချိန် ၈၄ မိနစ်တွင် ဝင်းဝင်းက သစ္စာအားမာန်အသင်းအတွက် ချေပဂိုး တစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် မြဝတီအသင်းက အနိုင်ရလဒ်ကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မြဝတီအသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကိုလည်း မြဝတီအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့် ခံစစ်ကစားသမား ဌနံယုယဦးကရရှိခဲ့ကြောင်း သိရသည်။

STA

# BMW Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို စကော့တီရှက်ဖလာနှင့် ဖစ်ဇ်ပက်ထရစ်တို့ ပူးတွဲဦးဆောင်

**အီလီနွိုင်းစ် ဩဂုတ် ၂၀**

အမေရိကန်နိုင်ငံ အီလီနွိုက်စ်ပြည်နယ် အိုလံပီယာဖီးမြို့တွင် ကျင်းပနေသည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖစ်ဇ်ပက်ထရစ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမနေ့အပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဟားမန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး ဒုတိယနေ့အပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား မက်ဟိုမာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

နာမည်ကြီးဂေါက်သီးရိုက်ကစားသမားအားလုံးနီးပါး အကောင်းဆုံးလက်စွမ်းပြ ထားနိုင်သည့်အတွက် အမှတ်ပေးဇယား ရပ်တည်မှု အပြောင်းအလဲများနေခဲ့ပြီး နောက်ဆုံးနေ့ထိ အကြိတ်အနယ်ယှဉ်ပြိုင်ကစားရဖွယ်ရှိနေသည်။

စကော့တီရှက်ဖလာက "တတိယနေ့မှာကစားရတာ တော်တော်လေး အဆင်ပြေပါတယ်။ ဒီဂေါက်ကလပ်ဟာလဲ ကျွန်တော်အရမ်းသဘောကျတဲ့ ဂေါက်ကလပ်ထဲမှာပါတယ်။ လေတိုက်နှုန်း မြင့်မားတဲ့အတွက်ကြောင့် ကစားရတာနည်းနည်းတော့ခက်ခဲခဲ့တယ်။ လေတိုက်နှုန်းမြင့်မားပေမဲ့လဲ ကျွန်တော်အကောင်းဆုံးလုပ်ပြနိုင်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင်တို့ ပူးတွဲသရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး Myanmar Lethwei World Championship က စီစဉ်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ရုံတွင် ကျင်းပခဲ့ရာ မြန်မာလက်ဝှေ့ကျော်များဖြစ်ကြသည့် ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင်တို့ အနိုင်အရှုံးရလဒ်မပေါ်ခဲ့ဘဲ ပူးတွဲသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အဓိကတွဲဆိုင်းဖြစ်သည့် ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင်တို့တွဲဆိုင်းအပါအဝင် စုစုပေါင်း တွဲဆိုင်း ခြောက်ဆိုင်းဖြင့် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ၅၄ ကီလိုတန်းပွဲစဉ်အဖြစ် ထိုးသတ်ခဲ့သည့် တိုင်းကျော်နှင့် ဝူသော်ဒိုးတို့ပွဲစဉ်တွင် တိုင်းကျော်က အလဲထိုးဖြင့်အနိုင်ရရှိခဲ့ပြီး ၆၅ ကီလိုတန်းပွဲစဉ်အဖြစ် ထိုးသတ်ခဲ့သည့် ဟံသာဝတီနှင့် စီတိုးတို့ပွဲစဉ်တွင် လေးချီထိအနိုင်အရှုံးရလဒ်မပေါ်ဘဲ ပူးတွဲသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ၆၃ ဒသမ ၅ ကီလိုတန်းပွဲစဉ်အဖြစ် စိန်လုံးချောနှင့် မိုးထက်အောင်တို့ ထိုးသတ်ခဲ့ရာ မိုးထက်အောင်က အလဲထိုးဖြင့် အနိုင်ရရှိခဲ့ပြီး ၇၁ ကီလိုတန်းပွဲစဉ်အဖြစ် ကျော်စွာဝင်းနှင့် ထိုင်းလက်ဝှေ့သမား အာဝသန်တို့ပွဲစဉ်တွင်လည်း လေးချီထိအနိုင်အရှုံးရလဒ်မပေါ်ခဲ့ဘဲ ပူးတွဲသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဆက်လက်ပြီး ပြိုင်ပွဲ၏ဒုတိယခေါင်ပွဲစဉ်အဖြစ် ထိုးသတ်ခဲ့သည့် မြန်မာလူငယ် လက်ဝှေ့သမား ထွန်းမင်းအောင်နှင့် ဂျပန်ဝါရင့်လက်ဝှေ့သမား တိုခဲရှီတို့ထိုးသတ်ခဲ့ရာတွင် နောက်ဆုံးငါးချီထိအနိုင်အရှုံးရလဒ်မပေါ်ခဲ့ဘဲ ပူးတွဲသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သကဲ့သို့ ခေါင်ပွဲစဉ်အဖြစ် ထိုးသတ်ခဲ့သည့် ထွန်းထွန်းမင်းနှင့်သွေးသစ်ဝင်းလှိုင်တို့ပွဲစဉ်တွင်လည်း အပြန်အလှန် ထိုးသတ်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ငါးချီထိအလဲမထိုးနိုင်ခဲ့ကြသည့်အတွက် ပူးတွဲသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ကြောင်း သိရသည်။

STA

# ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ အကောင်းဆုံးကစားသမားဆုကို ဘွန်မာတီနှင့် ဂိုးသမားဆုကို မာရီအာရက်တို့ ဆွတ်ခူး

**ဝယ်လင်တန် ဩဂုတ် ၂၀**

ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၃ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုဖြစ်သည့် ရွှေဘောလုံးဆုကို စပိန်အသင်းမှ ဘွန်မာတီနှင့် အကောင်းဆုံးဂိုးသမားဆုဖြစ်သည့် ရွှေလက်အိတ်ဆုကို အင်္ဂလန်အသင်းမှ မာရီအာရက်တို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် စပိန်အသင်းက အင်္ဂလန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အင်္ဂလန်အသင်းဂိုးသမား မာရီအာရက်သည် အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ကာ ဟာမိုဆို၏ ပင်နယ်တီ တစ်ကြိမ်ကိုလည်း ကာကွယ်နိုင်ခဲ့သူဖြစ်သည်။

မာရီအာရက်သည် ၂၀၂၃ ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက်လုံး အင်္ဂလန်အသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ကာ ခုနစ်ပွဲကစားခဲ့ရာတွင် သုံးပွဲကိုပေးဂိုးမရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ခြောက်ဂိုးသာ ခွင့်ပြုပေးခဲ့ရသည့်အတွက် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုဖြစ်သည့် ရွှေလက်အိတ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ စပိန်အသင်းမှ ဘွန်မာတီသည်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် စပိန်အသင်းနှင့်အတူ ပွဲစဉ်တိုင်းပါဝင်ကစားခွင့်ရရှိခဲ့ပြီး သုံးဂိုးသွင်းယူနိုင်ခဲ့ကာ နှစ်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီးနောက် အကောင်းဆုံးကစားသမားဆုဖြစ်သည့် ရွှေဘောလုံးဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

# WBO ဘင်တန်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာလရှည်ထိန်းသိမ်းနိုင်ခဲ့သည့် ဇိုလာနီ တားမြစ်ဆေးဝါးသုံးစွဲမှုကြောင့် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

**မရိုတိုးရိုးယား ဩဂုတ် ၂၀**

WBO ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာလရှည် ထိန်းသိမ်းနိုင်ခဲ့ပြီး လက်ရှိ Commonwealth၊ IBF International နှင့် WBO International စူပါဘင်တန်ဝိတ်တန်းတို့၏ချန်ပီယံအဖြစ်ရပ်တည်နေသူ တောင်အာဖရိက လက်ဝှေ့သမား ဇိုလာနီသည် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် လေးနှစ်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် United Kingdom Anti-doping(UKAD) က ထုတ်ပြန်ခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဇိုလာနီသည် တောင်အာဖရိကလက်ဝှေ့လောက၏ အအောင်မြင်ဆုံးနှင့် အကောင်းဆုံးလက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ပွဲပယ်ပြစ်ဒဏ် လေးနှစ်ထိ ချမှတ်ခံခဲ့ရသည့်အတွက် ဇိုလာနီအနေဖြင့် လက်ဝှေ့လောကကို စွန့်လွှတ်ရဖွယ်ရှိနေသည်။

လက်ရှိ အသက် ၃၅ နှစ်ရှိ ဇိုလာနီအနေဖြင့် ပွဲပယ်ပြစ်ဒဏ်ပြီးဆုံးချိန်၌ အသက် ၄၀ နားကပ်နေပြီဖြစ်သည့်အတွက် လက်ဝှေ့လောကတွင် ကျင်လည်သွားရန်ခက်ခဲသည့်အခြေအနေဖြစ်နေသည်။

ဇိုလာနီသည် Commonwealth၊ IBF International နှင့် WBO International စူပါဘင်တန်ဝိတ်တန်း စိန်ခေါ်ပွဲစဉ်အဖြစ် ဇူလိုင် ၂ ရက်က ဗြိတိန်လက်ဝှေ့သမား ကန်နင်ဂမ်ကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် တားမြစ်ဆေးဝါး သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း United Kingdom Anti-doping (UKAD) အဖွဲ့က အတည်ပြုခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

AZL

**ပြင်သစ်လီဂူး ပွဲစဉ် (၂) ရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | ၂ | - | ၀ | နန့်တက် |
| လီဟာဗေး | ၁ | - | ၂ | ဘရက် |
| လိုရီယန့် | ၁ | - | ၁ | နိုက် |
| ရိမ်း | ၂ | - | ၀ | ကလဲယားမောင့် |

**အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ် (၃) ရလဒ်**

| | | | | |
|---|---|---|---|---|
| နော့ဝှစ်ချ် | ၃ | - | ၁ | မီဝေါလ် |

(ဝ၄ဝ)

# အာဆီယံအသိုက်အဝန်းနှင့် မြန်မာနိုင်ငံ

**ညွန့်ဝင်း(နတ်တလင်း)**

❖ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့တွင် လေ့လာသူဖြစ်လိုကြောင်းကိုပါ တစ်ပါတည်းလျှောက်ထားခဲ့သည်။ ၁၉၉၆ ခုနှစ် ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပသော ၂၉ ကြိမ်မြောက် ဝန်ကြီးများအစည်းအဝေးတွင် အာဆီယံအဖွဲ့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် မလေးရှားနိုင်ငံ ဆူဗန်ဂျယားမြို့၌ကျင်းပသော အာဆီယံအဖွဲ့ဝင်သစ်များ လက်ခံသည့်အခမ်းအနား၌ မြန်မာနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့သည်။ ❖

လူသည် တစ်ဦးတစ်ယောက်တည်း နေ၍မရ။ ထို့အတူ နိုင်ငံသည် တစ်နိုင်ငံတည်းရပ်တည်၍ မဖြစ်။ ထို့ကြောင့် လူအများ စုပေါင်း၍လည်းကောင်း၊ နိုင်ငံအများ စုပေါင်း၍လည်းကောင်း လူမှုရေးရာ၊ နိုင်ငံရေးရာများကို အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကြသည်။ သို့နှင့် ကမ္ဘာ့နိုင်ငံများ ပါဝင်ဖွဲ့စည်းထားသော ကုလသမဂ္ဂအဖွဲ့နှင့် နယ်မြေတူရာနိုင်ငံများ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ အသီးသီးပေါ်ပေါက်လာခဲ့ကြသည်။ ထိုအဖွဲ့အစည်းများထဲတွင် အရှေ့တောင်အာရှနိုင်ငံများ ပါဝင်ဖွဲ့စည်းထားသော အာဆီယံအဖွဲ့အစည်း (ASEAN) လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အာဆီယံအသင်း၏ သမိုင်းကြောင်းကိုပြန်ပြောင်းလေ့လာကြည့်လျှင် အာဆီယံ (ASEAN) ဆိုသည်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုကောက်ခေါ်ဆိုခြင်းဖြစ်ပြီး အပြည့်အစုံမှာ (The Association of South East Asia Nations) ဖြစ်သည်။ မြန်မာလို အရှေ့တောင်အာရှနိုင်ငံများအသင်းဖြစ်သည်။ ထိုအသင်းကြီးကို ၁၉၆၇ ခုနှစ် ဩဂုတ် ၇ ရက်နေ့တွင် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံတို့နှင့် စတင်ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းစဉ်က ကွန်မြူနစ်စနစ်ပြန့်ပွားလာမှုကို ကာကွယ်ရန်ဖြစ်သည်။ သို့သော် အသင်းသက်တမ်းရင့်လာသောအခါ ခေတ်စနစ်နှင့်အညီ ပြောင်းလဲလာခဲ့သည်။ အသင်း၏ ကောင်းမွန်သောရည်ရွယ်ချက် သုံးရပ်ကို ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု တိုးတက်ဖြစ်ထွန်းလာရေးအားပေးရန်၊ အင်အားကြီးနိုင်ငံများ၏ပြိုင်ဆိုင်မှုများ ဒေသတွင်းသို့ စိမ့်ဝင်ပျံ့နှံ့မလာအောင် ဒေသတွင်းနိုင်ငံရေး၊ စီးပွားရေးတည်ငြိမ်မှုကို ကာကွယ်ရန်၊ ဒေသတွင်း နိုင်ငံအချင်းချင်း ဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲမှုများကို ထိန်းသိမ်းဖြေရှင်းပေးနိုင်ရန်၊ တစ်နည်းအားဖြင့် ဒေသတွင်းငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်ဟူ၍ သတ်မှတ်ဆောင်ရွက်လာခဲ့ကြသည်။

၎င်းရည်ရွယ်ချက်များသည် ကောင်းမြတ်မှန်ကန်ပြီး အသင်းဝင်နိုင်ငံများ၏ လက်တွေ့ကောင်းကျိုးကို အပြန်အလှန်သယ်ပိုးဆောင်ရွက်နိုင်မည့် အချက်များဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ယဉ်ကျေးမှုနှင့် ပြန်ကြားရေး၊ လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး၊ အစိုးရဝန်ထမ်းဆိုင်ရာ ကိစ္စရပ်များဟူသည့် လမ်းစဉ်ခြောက်ရပ်ကို ဆောင်ရွက်အကောင်အထည်ဖော်သွားရန်ဖြစ်သည်။

အာဆီယံအသင်းကြီး၏ မွန်မြတ်မှန်ကန်သော လုပ်ငန်းစဉ်များကြောင့် အဖွဲ့ဝင်နိုင်ငံများ တဖြည်းဖြည်း တိုးပွားလာခဲ့သည်။ အရှေ့တောင်အာရှဒေသတွင်းမှ အဖွဲ့ဝင်ဖြစ်လိုသောနိုင်ငံများက ဆန္ဒပြုလာကြပြီး ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် ဘရူနိုင်းနိုင်ငံ၊ ၁၉၉၅ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဗီယက်နမ်နိုင်ငံ၊ ၁၉၉၇ ခုနှစ်တွင် လာအိုနိုင်ငံ၊ ၁၉၉၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံတို့ အဖွဲ့ဝင်ဖြစ်လာကြသည်။ စာရေးသူတို့ မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ် ဇူလိုင်လတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပသော ၂၇ ကြိမ်မြောက် ဝန်ကြီးအစည်းအဝေးတွင် အိမ်ရှင်ထိုင်းနိုင်ငံ၏ ဧည့်သည်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၉၅ ခုနှစ် ဇူလိုင်လတွင် ဘရူနိုင်းနိုင်ငံ၌ကျင်းပသော ၂၈ ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေး၌ ထိုင်းနိုင်ငံ၏ ဧည့်သည်အဖြစ် တက်ရောက်ကာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့တွင် လေ့လာသူဖြစ်လိုကြောင်းကိုပါ တစ်ပါတည်းလျှောက်ထားခဲ့သည်။ ၁၉၉၆ ခုနှစ် ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပသော ၂၉ ကြိမ်မြောက် ဝန်ကြီးများအစည်းအဝေးတွင် အာဆီယံအဖွဲ့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် မလေးရှားနိုင်ငံ ဆူဗန်ဂျယားမြို့၌ကျင်းပသော အာဆီယံအဖွဲ့ဝင်သစ်များ လက်ခံသည့်အခမ်းအနား၌ မြန်မာနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်အောင် ကြိုးပမ်းခဲ့ခြင်းမှာ မြန်မာနိုင်ငံနှင့်အရှေ့တောင်အာရှနိုင်ငံများ နိုင်ငံရေး၊ စီးပွားရေး၊ ချစ်ကြည်ရေးကဏ္ဍတို့တွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်၍ အကျိုးဖြစ်ပေါ်တိုးတက်မှုများကို ဖော်ဆောင်နိုင်ကြရန်ဖြစ်သည်။

စာရေးသူတို့၏ မြတ်စွာဘုရားရှင်က "သမဂ္ဂါနံ တပေါ သုခေါ"ဟု ချမ်းသာခြင်း၏အကြောင်းတစ်ရပ်ကို ဟောကြားညွှန်ပြခဲ့သည်။ အဓိပ္ပာယ်မှာ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏ဟူ၍ဖြစ်သည်။ တစ်ဦးအားဖြင့်ယူသော်မရ၊ တစ်သောင်းအားဖြင့်ယူသော်ရ၏ ဆိုသကဲ့သို့ တစ်နိုင်ငံချင်း ဆောင်ရွက်ခြင်းထက် ဒေသတူနိုင်ငံများ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ကောင်းကျိုးများရရှိကြမည်ဖြစ်သည်။ ခပ်စိမ်းစိမ်းနေကြသော ဒေသတူအတွင်းရှိ မိသားစုဝင်နိုင်ငံများသည် တစ်သင်းတစ်ဖွဲ့တည်း အဖွဲ့ဝင်များဖြစ်လာကြသည့်အခါ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရင်းနှီးချစ်ကြည်မှုနှင့်အတူ စီးပွားရေးအရလည်း အချင်းချင်းအကျိုးတူရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်လာနိုင်ပေရာ တိုးတက်လာစေသော အကျိုးအမြတ်များ လက်ငင်းခံစားရရှိနိုင်သည်ကို တွေ့ရသည်။ အပြန်အလှန် ပို့ကုန်၊ သွင်းကုန်များ တိုးချဲ့မြှင့်တင်နိုင်သော အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်သည်။ ထို့ပြင် နည်းပညာရပ်များ တိုးတက်ရရှိခြင်းနှင့်အတူ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာခြင်းသည် အာဆီယံနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများ အဖွဲ့အစည်းအသီးသီးတွင်လည်း သူ့ရည်ရွယ်ချက်နှင့်အတူဦးတည်ထားရှိကြသည်။ အာဖရိကတိုက်တွင် ဖွဲ့စည်းထားသော ၎င်းတို့၏ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အိုအေယူခေါ်သော အာဖရိကညီညွတ်ရေးအဖွဲ့သည် အာဖရိကနိုင်ငံများ၏ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် သိပ္ပံရေးရာများကို ပူးပေါင်းဆောင်ရွက်ရန်၊ အာဖရိကတိုက်တွင် ကိုလိုနီဝါဒ အဆုံးသတ်ရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ လွတ်လပ်ရေးကို ပူးပေါင်းကာကွယ်ရန်ဟူသည့် ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ တစ်နိုင်ငံ၏အခက်အခဲပြဿနာကို အဖွဲ့ဝင်နိုင်ငံများက ကူညီဖြေရှင်းပေးနိုင်ရန်လည်း ဖြစ်သည်။ ထိုနည်းတူစွာပင် မြန်မာနိုင်ငံပါဝင်သော အာဆီယံအဖွဲ့ဝင်နိုင်ငံများသည်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အခက်အခဲပြဿနာများ ကူညီဖြေရှင်းပေးနိုင်ကြရန်သာ ဖြစ်ပေသည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သကဲ့သို့ နယ်နိမိတ်ချင်း အထိစပ်ဆုံး အိမ်နီးချင်းနိုင်ငံများလည်းဖြစ်သည်။ မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ရေးတွင် ကူညီပေးခဲ့သော မိတ်ဆွေနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် အိမ်နီးချင်းနိုင်ငံကောင်းပီသစွာ ရပ်တည်ပေးခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများကို လိုက်နာကျင့်သုံးခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာသည့် မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို သမိုင်းပေးတာဝန် ကျေပွန်စွာထမ်းရွက်နိုင်ခဲ့သည်။ အာဆီယံဥက္ကဋ္ဌတာဝန်ယူထားစဉ် အာဆီယံထိပ်သီး အစည်းအဝေးကြီးနှစ်ခုအပါအဝင် နိုင်ငံတော်အကြီးအကဲအဆင့် အစည်းအဝေး ၁၂ ခု၊ ဝန်ကြီးအဖွဲ့ အစည်းအဝေး ၃၄ ခု၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် လုပ်ငန်းအဖွဲ့အစည်းအဝေး ၈၉ ခု စုစုပေါင်း အစည်းအဝေး ၁၃၅ ခုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့သည်။ ထို့အတူ ကိုးကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးသို့ ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ရုရှား၊ အမေရိကန်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့် ဒေသတွင်းမဟာဗျူဟာကျသည့် အရေးပေါ်ကိစ္စများအပေါ် ပွင့်လင်းစွာဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ အရေးကိစ္စကြုံတိုင်း ထိုင်းနိုင်ငံကဲ့သို့ အဖွဲ့ဝင်အိမ်နီးချင်းနိုင်ငံအချို့ အဖွဲ့ဝင်မိတ်ဆွေကောင်းပီသစွာ ကူညီပေးခဲ့သည့် အစဉ်အလာရှိခဲ့သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့၏ သပ်လျှိုသွေးခွဲမှုကြောင့် မိသားစုအဖွဲ့ဝင်နိုင်ငံများကြား သံသယအရိပ် အနည်းငယ်နှင့်အတူ အထင်မှားမှုလက္ခဏာပြလာသဖြင့် မိတ်ဆွေအဖွဲ့ဝင် ထိုင်းနိုင်ငံအနေဖြင့် လက်ပိုက်ကြည့်မနေနိုင်ဘဲ ကူညီရပ်တည်၍ အမှန်ကိုဖော်ထုတ်ပေးခဲ့သည်။ မြန်မာနိုင်ငံသည် နိုင်ငံရေးအပြောင်းအလဲများကြောင့် အခက်အခဲ အကျပ်အတည်းရင်ဆိုင်ဖြေရှင်းနေရသည့်အခါ မြန်မာ့အရေးကို မိမိအရေးသဖွယ် ခံယူရပ်တည်ပြခဲ့သည်မှာ လေးစားစရာဖြစ်သည်။ မိတ်ဆွေကောင်းဆိုသည်မှာ ကောင်းတူဆိုးဖက်၊ သေဖော်ရှင်ဖက်၊ အေးအတူပူအမျှ ဖေးမကူညီတတ်သူကို ဆိုလိုသည်။ မိတ်ဆွေအဖွဲ့ဝင်နိုင်ငံဆိုသည်မှာလည်း ထိုသို့ပင်ဖြစ်သည်။ မိတ်ဆွေကောင်းသည် ပေးနိုင်ခဲသောပစ္စည်းကိုပေး၏။ ပြုနိုင်ခဲသောဝတ္တရားကို ပြု၏။ အလွန်အမင်းသည်းခံ၏။ လျှို့ဝှက်ထိုက်သောအမှုကို မပေါ်အောင် လျှို့ဝှက်ပေးထားတတ်၏။ ဘေးရန်ကြုံသောအခါ၌ စွန့်ပစ်မထားတတ်။ ပစ္စည်းမဲ့တေနေသော်လည်း မထီမဲ့မြင်မပြုတတ်ဟု မြတ်ဗုဒ္ဓက မြွက်ကြားခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ လိုက်နာရမည့်ကျင့်ဝတ် ကျင့်ထုံးများသည် မြတ်ဗုဒ္ဓ၏လမ်းညွှန်မြွက်ကြားချက်နှင့် ကိုက်ညီနေပေသည်။

ထို့ကြောင့် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသော အာဆီယံအသင်းကြီး၏ ၁၃ ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံယဉ်ကျေးမှုအသိုက်အဝန်း ဟူသော မဏ္ဍိုင်ကြီးသုံးရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်အာဆီယံ ပဋိညာဉ်ကို တွေ့ဆုံလက်မှတ်ရေးထိုးခဲ့ကြသည်။

ခေတ်အဆက်ဆက်တွင် တိုင်းပြည်အသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံသားများ အချင်းချင်း မိတ်ဆွေကောင်းများပမာ မဆက်ဆံနိုင်ခဲ့၍သာ ကမ္ဘာပေါ်တွင် စစ်ပွဲကြီးများ၊ စစ်ပွဲငယ်များ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ အသင်းအဖွဲ့စိတ်ဓာတ်သည် အဖွဲ့အစည်းတစ်ခုစီ၏ ကောင်းကျိုးမှသည် ကမ္ဘာလောကကြီးတစ်ခုလုံး အေးချမ်းသာယာရေးထိ သော့ချက်ဖြစ်ပေသည်။ သို့ဖြစ်ရာ အာဆီယံအသိုက်အဝန်းထဲက မြန်မာနိုင်ငံသည် အာဆီယံကျင့်ထုံးများနှင့်အညီ လိုက်နာကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အဖွဲ့ဝင်နိုင်ငံအားလုံးသည်လည်း ဖြောင့်မတ်တည်ကြည်စွာ လိုက်နာကျင့်သုံးကြလျက် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော အာဆီယံရိပ်မြုံကို ပူးပေါင်းတည်ဆောက်သင့်ကြပေသည်ဟု ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မိတ်ဆွေကောင်း (ဦးရဲဝေ-မြန်မာစာ)**
- **အာဆီယံအသိုက်အဝန်းထဲက မြန်မာ (ဦးရဲဝေ-မြန်မာစာ)**
- **နေ့စဉ်ထုတ်သတင်းစာများ**

## မင်းကင်းမြို့နယ် မင်းစားကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းကင်း ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စီမံကိန်းဝင်ကျေးရွာဖြစ်သည့် မင်းစားကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်က လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူသူများနှင့် အသေးစား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ စားဝတ်နေရေးအခက်အခဲများ လျော့နည်းစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးဇော်လွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မင်းစားကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၃ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း၊ အသေးစားစက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို ငွေကျပ် ၂၀ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# တေးသံရှင် ကေကေမိုး သီဆိုသရုပ်ဆောင်ထားသည့် ငါရဲ့ကမ္ဘာ တေးသီချင်း MV စက်တင်ဘာလပထမပတ်တွင် ထွက်ရှိမည်




**ရန်ကုန် ဩဂုတ် ၂၀**

တေးသံရှင် ကေကေမိုး သီဆိုသရုပ်ဆောင်ထားသည့် ငါရဲ့ကမ္ဘာ တေးသီချင်းMusic Video (MV) စက်တင်ဘာလ ပထမပတ်တွင် ထွက်ရှိမည်ဖြစ်ကြောင်း တေးသံရှင် ကေကေမိုးက ပြောပြ၍ သိရသည်။

အဆွေးသီချင်းများဖြင့် ပရိသတ်အားပေးမှု အခိုင်အမာရရှိထားသည့် တေးသံရှင် ကေကေမိုး၏ ငါရဲ့ကမ္ဘာ တေးသီချင်း MV တွင် တေးသံရှင် ကေကေမိုးက သရုပ်ဆောင် ကျော်ထက်ဇော်နှင့်အတူ သရုပ်ဆောင်ထားကြောင်း သိရသည်။

"ငါရဲ့ကမ္ဘာ သီချင်းလေးက တော့ အပျော်ဘက်သွားထားတဲ့ သီချင်းလေးပါ။ ကေကေ့ကို ပရိသတ်တွေက အဆွေးသီချင်းတွေနဲ့ ပိုသိကြတယ်။ ပိုကြိုက်ကြတယ်ဆိုပေမဲ့ ကေကေ ဒီသီချင်းလေးကို အပျော်ဘက်သွားတဲ့ပုံစံလေး သီဆိုထားပါတယ်။ ကေကေ ဒီသီချင်းမှာ နည်းနည်းစိတ်ကူးယဉ်ဆန်ပြီး ကြည်နူးဖို့ကောင်းတဲ့ ပုံစံလေး ရိုက်ထားပါတယ်။ မောင်လေး ကျော်ထက်ဇော်နဲ့ သီချင်းသစ်မှာ စိတ်ခံစားချက် မိမိလေးနဲ့ စိတ်ကူးယဉ်ဆန်ထားတယ်။ ပရိသတ်တွေ သီချင်းလေးထွက်လာရင် စောင့်ကြည့်ပေးပါအုံးလို့ ပြောချင်ပါတယ်"ဟု တေးသံရှင် ကေကေမိုးက ပြောပြသည်။

အဆိုပါ တေးသီချင်းသည် တေးသံရှင် ကေကေမိုး၏ ဒုတိယမြောက် တစ်ကိုယ်တော်တေးသီချင်းအယ်လ်ဘမ်မှ သီချင်းတစ်ပုဒ်ဖြစ်ပြီး Single Song အဖြစ်ထွက်ရှိလာမည်ဖြစ်ကြောင်း၊ အဆိုပါတေးသီချင်းကို တေးရေး Daniel Saw က ရေးသားပေးထားပြီး ဒါရိုက်တာ Kina က ရိုက်ကူးပေးထားကြောင်း သိရသည်။

ASH

# The Equalizer-3 ဇာတ်ကား အမေရိကန်ဈေးကွက်ကို ဝင်ငွေအရဦးဆောင်နိုင်

**နယူးယောက် ဩဂုတ် ၂၀**

အမေရိကန် အလုပ်သမားနေ့ အားလပ်ရက် သီတင်းပတ်ကုန်ကာလကို ဆိုနီရုပ်ရှင်၏ The Equalizer-3 ဇာတ်ကားက ဝင်ငွေအရ ဦးဆောင်ထားနိုင်ဖွယ်ရှိကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။


အလုပ်သမားနေ့ အားလပ်ရက်ကာလ စတင်ချိန် စက်တင်ဘာ ၁ ရက်တွင် The Equalizer-3 ဇာတ်ကားကို ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း ၃၀ နှင့် သန်း ၄၀ ကြားတွင် ရှိနိုင်သည်။

အမေရိကန်အလုပ်သမားနေ့ အားလပ်ရက်တွင် မည်သည့်ရုပ်ရှင်ဇာတ်ကားမျှ ရုံတင်မှုမရှိကြောင်း ရုပ်ရှင် ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

The Equalizer-3 ဇာတ်ကားတွင် မင်းသား ဒန်ဇယ်ဝါရှင်တန်က လုပ်ကြံရေးသမားဟောင်း ရောဘတ်မက်ကောအဖြစ် ပြန်လည်ပါဝင်ထားသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အန်တိုနီဖူကွာက ဆိုနီရုပ်ရှင်ကုမ္ပဏီအတွက် ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO




# တေးရေး၊တေးဆို တိုနီကျော်ဒင် ပုဇွန်တောင်မြို့နယ် နေအိမ်တွင် ကွယ်လွန်

**ရန်ကုန် ဩဂုတ် ၂၀**

တေးရေး၊ တေးဆို တိုနီကျော်ဒင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် နေအိမ်တွင် ဩဂုတ် ၁၉ ရက် မွန်းတည့် ၁၂ နာရီက အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း တေးရေး၊ တေးဆို တိုနီကျော်ဒင်၏ ဂီတမိတ်ဆွေ ကိုကျော်ထွန်းက ပြောပြ၍ သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၆၂ နှစ်အရွယ်ရှိပြီဖြစ်သည့် တေးရေး၊ တေးဆို တိုနီကျော်ဒင်သည် အသည်းကင်ဆာရောဂါဝေဒနာကို ခံစားနေရသူဖြစ်ကြောင်း၊ မကွယ်လွန်မီ သုံးရက်ခန့်အလိုက အသည်းကင်ဆာရောဂါ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကာ ကုသရန်မဖြစ်နိုင်တော့ကြောင်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ပရိသတ်များကို အသိပေးခဲ့သည်ဟု သိရသည်။



"စိတ်မကောင်းပါဘူး။ ကိုတိုနီ အဲဒီလောက် မြန်မြန်ဆန်ဆန် ထွက်သွားရလိမ့်မယ်လို့ မထင်မိဘူး။ ကောင်းမြတ်တဲ့ဘုံဌာနမှာ အေးချမ်းနိုင်ပါစေ။ တစ်ချိန်က သူ့သီချင်းတွေကို ကျွန်တော့်ရဲ့ဖုန်းထဲ ကူးထည့်ပေးခဲ့တာအမှတ်ရမိတယ်"ဟု ကိုကျော်ထွန်းက ပြောပြသည်။

တေးရေး၊ တေးဆို တိုနီကျော်ဒင်သည် ၁၉၉၆ ခုနှစ်က IRON CROSS-Lynn Studio၊ Metal Zone Recording နှင့် ကမ္ဘာလှည့်မုန်တိုင်း သီချင်းခွေ၊ ၂၀၀၃ ခုနှစ်က Max Studio၊ Heart Music Production DEEP RED အဖွဲ့လိုက်သီဆိုမှုသီချင်းခွေ၊ ၂၀၁၂ ခုနှစ်က ခြားနားတဲ့ ရှုမျှော်ခင်းသီချင်းခွေတို့ ထွက်ရှိထားကြောင်း သိရသည်။ ASH

# Foe ဇာတ်ကား၏ ပထမဆုံးဇာတ်ဝင်ခန်း ဓာတ်ပုံများ ပေါ်ထွက်လာပြီဖြစ်

**နယူးယောက် ဩဂုတ် ၂၀**

စာရေးဆရာ အိုင်းရိ၏ Foe အမည်ရှိ ဝတ္ထုကိုအခြေခံရိုက်ကူးနေသည့် Foe ဇာတ်ကား၏ ပထမဆုံး ဇာတ်ဝင်ခန်းဓာတ်ပုံများ ပေါ်ထွက်လာပြီဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

Foe ဇာတ်ကားဇာတ်ဝင်ခန်း မိတ်ဆက်ဓာတ်ပုံများထဲတွင် အဓိကသရုပ်ဆောင်နှစ်ဦးဖြစ်သည့် မင်းသား ပေါလ်မက်စကယ်နှင့် မင်းသမီး ဆာအော်ဆီရိုးနန်တို့၏ သရုပ်ဆောင်ချက်များကို တွေ့နိုင်သည်။

Foe ဇာတ်ကားသည် အနာဂတ် အချိန်ကာလတစ်ခုကို နောက်ခံထား ရိုက်ကူးထားသည့် သိပ္ပံလျှို့ဝှက်သည်းဖို့ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ပေါလ်မက်စကယ်နှင့် မင်းသမီး ဆာအော်ဆီရိုးနန်တို့အပြင် မင်းသား အေရွန်ပီးရက်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

Foe ဇာတ်ကားကို Lion (2016) ဒါရိုက်တာ ဂါ့ဒေးဗစ်က Amazon ရုပ်ရှင်စတူဒီယိုအတွက် ရိုက်ကူးပေးထားခြင်းဖြစ်သည်။

Foe ဇာတ်ကားကို ယခုနှစ် အောက်တိုဘာ ၆ ရက်တွင် ရုံတင်ပြသရန် Amazon စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

KKO





# (၄၆) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် ခိုင်နှင်းဝေက အလှူငွေကျပ် ၁၀ သိန်း လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၀**

လာမည့် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် (၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် (၄၆) ကြိမ်မြောက်ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် ခိုင်နှင်းဝေက အလှူငွေကျပ် ၁၀ သိန်းကို ဩဂုတ် ၁၉ ရက်က လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် (၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် (၄၆) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး (ဗဟို)တွင် ကျင်းပသွားမည်ဖြစ်သည့်အတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ နေ့စဉ်လာရောက်လှူဒါန်းနေကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ မကြာခင်ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေ ပါဝင်လှူဒါန်းနေကြတာတွေရှိပါတယ်။ သရုပ်ဆောင် ခိုင်နှင်းဝေက ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းပါတယ်။ ဒီနှစ်ဆိုရင် ပူဇော်ပွဲ ရန်ပုံငွေရဖို့ နယ်ရောက်နေတဲ့ ရုပ်ရှင်လောကသားတွေလဲ သိရှိရအောင် မင်းသမီးကြီးတွေနဲ့ ပူဇော်ပွဲလှုံ့ဆော်ရေးကြော်ငြာ ရိုက်ကူးပြီးတော့လဲ အလှူခံပါတယ်။ ကန်တော့ခံရုပ်ရှင် မိဘများအတွက် စာရင်းတွေပြုစုနေတယ်။ ခန့်မှန်းအယောက် ၁၈၀ လောက်တော့ ရှိပါမယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

# Regions and states across Myanmar to extend cow farming


A cow farm.

**Nay Pyi Taw August 20**

The Ministry of Agriculture, Livestock and Irrigation on 17 August stated a press release, saying that it decided to extend cow farms in regions and states.

It aims to create job opportunities for local people and contribute agricultural sector with the waste from the livestock farms.

The Cooperative Department, the Rural Development Department and the Livestock Breeding and Veterinary Department are striving for extending the cattle farms. In this regard, Rakhine and Shan states have extended the cow farms.

The Cooperative Department is breeding 1,563 cows in 14 villages of seven townships through the emerald green project with the State economic promotion fund and the Rural Development Department 245 cows in seven villages of seven townships with the rural economic development fund, totalling 1,808.

Moreover, the Livestock Breeding and Veterinary Department assists in cow farming tasks with the modern cage farm for breeding tasks in addition to cultivation of Napier grass and Mombasa grass for feedstuff of cows. The Ministry helps the local farmers get loans for extending their businesses.

Additionally, similar farms will be extended in remaining regions and states.

336

# Kyonpyaw finishes cultivation of tapioca this monsoon

**Kyonpyaw August 20**

Local farmers from Kyonpyaw Township in Ayeyawady Region have placed 11,902 acres of land under tapioca this monsoon, said Head of Township Agriculture Department U Kyaw Kyaw.

They have so far cultivated tapioca on 11,902 acres of croplands in the township against the target of 16,902 acres this monsoon. So, local farmers and officials of the department are striving for cultivation of tapioca on the targeted acres.

"Tapioca is being cultivated in Kyonpyaw Township for enhancing the business opportunities of local people. This year, tapioca was cultivated in May. So far, the township has cultivated 11,902 acres of tapioca. Staff members from the department help local farmers systematically use pesticides and fertilizers in the farms," said U Kyaw Kyaw.

Tapioca cultivation is one of the businesses to increase family incomes of local people and it helps local farmers enjoy convenient cultivation process.

Kyaw Kyaw Lin


A tapioca plantation.

# Hurricane Hilary weakens but could still be deadly - US

**Mexico August 20**

Hurricane Hilary has weakened as it heads towards Mexico's Pacific coast and California but could still cause "life-threatening" flooding, US meteorologists warn.

With winds of 85 mph (140 km/h), it has been downgraded to a Category 1 storm.

Heavy rain lashed parts of Mexico's Baja California peninsula and the south-western US overnight.

One man died after being swept away while crossing a stream in Baja California, an official said.

The man had been travelling in a car with his three children and a woman. The others all survived, local media reported.

Hilary is expected to weaken further to a tropical storm before it reaches southern California. Even still, it would be the first tropical storm to hit the US state in more than 80 years.

In its latest update at 06:00 GMT on Sunday, the US National Hurricane Center (NHC) said Hilary was roughly 90 miles (145km) south of Baja California's westernmost point of Punta Eugenia.

Its centre will "move close to the west-central coast of the Baja California peninsula" on Sunday morning and will then move across southern California on Sunday afternoon, the NHC said.

"Hilary appears to be weakening quickly," John Cangialosi, a senior hurricane specialist at the NHC, told the Associated Press news agency on Saturday.

"The eye is filling and the cloud tops in the eyewall and rainbands have been warming during the past several hours," he added.

BBC

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Canada wildfires: At least 30,000 households told to evacuate as fires approach

**Ottawa August 20**

At least 30,000 households have been ordered to evacuate in Canada's British Columbia province, where nearly 400 wildfires are raging.

Officials have restricted travel to Kelowna, a waterside city of 132,000 people, where smoke from nearby fires hangs over Lake Okanagan.

The order is designed to ensure enough accommodation for evacuees and emergency workers.

Fires have destroyed homes in nearby West Kelowna, a city of 36,000 people.

The travel restrictions also apply to the towns of Kamloops, Oliver, Penticton and Vernon and Osoyoos.

Hundreds of miles north, a huge fire continues to edge towards the city of Yellowknife.

An official deadline to evacuate the city - the capital of Canada's Northwest Territories - lapsed on Friday. A local official said later that day that nearly all residents had left, either by car or plane.

About 19,000 of the city's 20,000 inhabitants had evacuated. Authorities said 39 patients were moved out of a hospital to alternative facilities on Friday evening, making them the last people to be evacuated from the city.

BBC


One Kelowna resident told the BBC the fires came over the mountainside like an "ominous cloud of destruction"

# More than 100 travellers per day arrive at Chaungtha, Ngwesaung beaches in monsoon


Chaungtha beach with visitors.

**Pathein August 20**

Arrivals of travellers to Chaungtha and Ngwesaung beaches in Pathein Township of Ayeyawady Region reach more than 100 per day in August, said Daw Thi Thi Win, in-charge of Chaungtha beach tour guide section.

Number of travellers increases to more than 600 on weekends. Most of travellers to the two beaches came from Yangon Region.

"Flocks of travellers are flowing into the two beaches in August despite monsoon. So, tour guides and those related to tourism industry can work. Most of travellers to Chaungtha beach came from Yangon Region," she added.

Thanks to travellers, local businesses such as hotel services, waterway transport, horse renting, restaurants, tour guides, souvenir shops, seafood shops and vehicle renting services are cost-effective.

Kyaw Kyaw Lin

# Pyapon Township sent 78,000 viss of crab to Yangon last month

**Pyapon August 20**

Local fishermen from Pyapon Township of Ayeyawady Region sent 78,000 viss of crab to Yangon brokerages within one month in July, said Daw Myat Mon, owner of marine product depot in Pyapon.

Marine product depots in Pyapon Township purchases crabs from local fishermen and conducts processing of crabs for sending them to Yangon. In May and June, 43,000 viss of crab was set to the market but volume of crab to Yangon market scored 78,000 viss in July alone.

"Marine products from Pyapon Township are sent to Yangon. As other regions could send lesser volume of marine products to Yangon, such kinds of marine products in Ayeyawady Region are in high demand from Yangon. So, local fishermen and related businesses are convenient in their works," said Daw Myat Mon.

Local marine product brokers in Pyapon Township send crabs in cartons to Yangon. In the domestic market, crab is traded at K85,000 per 10 viss. Thanks to distribution of large volume of crab, local fishermen, businesspersons, freight workers and truck drivers in Pyapon Township can earn increased incomes.

Kyaw Kyaw Lin


Crabs in baskets to be transported to Yangon.

# Chinshwehaw border camp handled more than US$120 million in border trade value in July

**Chinshwehaw August 20**

Chinshwehaw border trade camp increasing its trade volume managed trade value worth US$120 million in July, according to the Ministry of Commerce.

Chinshwehaw camp is one of five border trade camps located along Myanmar-Thai border, securing the second largest amount of trade value.

In July, the camp handled export value worth US$37.994 million and import value worth US$85.859 million, totally amounting to US$123.853 million.

In June, the camp managed US$30.515 million worth of export and US$79.095 million worth of import. Hence, the trade value of July exceeded US$14.243 million than that of June.

Myanmar exports agricultural produce such as broken rice, white-eyed bean, green gram, lablab, kidney bean, rice bean, groundnut, better bean, rubber, fresh ginger, conjac, onion, and pepper and imports industrial raw materials, investment materials and personal goods.

In the corresponding period of 2022-23 FY, the camp handled export value worth US$1.669 million and import US$4.218 million, totalling US$5.887 million.

From April to 4 August this year, the camp managed US$103.181 million worth of export and US$310.523 million worth of import, totalling US$413.704 million.

336

# Renewable Energy and EV Myanmar 2023 18-20 August

**Yangon August 20**

The Renewable Energy and EV Myanmar 2023 will be staged at Yangon Convention Centre (YBB) in Mayangon Township of Yangon Region from 18 to 20 August, said managing director U Zarni Tin Myint of IMS Silver Sea Exhibition.

It will be assisted by the Myanmar Engineering Federation, showcasing materials by engineering related associations. The show will comprise EV salesroom.

"The show will comprise three portions: the first one will exhibit construction sector consisting of construction machinery and technologies. The second one will showcase housing sector, housings and condominiums. The last one will display renewable sector comprising solar and EV vehicles," said U Zarni Tin Myint.

Moreover, engineering associations from the federation will submit 10 papers on technologies at the show. The resource person engineers will be sponsored by the federation and the Myanmar Engineering Council.

ASH

# Labutta Township cultivated more than 6,000 acres of banana this monsoon

**Labutta August 20**

Local growers have cultivated 6,076 acres of banana this monsoon in Labutta Township of Ayeyawady Region, said Head of the Township Agriculture Department U Myo Aung.

These banana plantations were grown in May this year. Now, a total of 6,706 acres of land have been placed under banana plants. The Agriculture Department assists in cultivation of banana plants for easing difficulties of local farmers and providing agricultural techniques.

"Cultivation of banana plantations will help local farmers have better economic opportunities. They have grown various species of banana and will harvest them after three months. We cooperate with local farmers to produce quality fruits with free from pests," said the head of the township department.

Banana from Labutta Township is sent to Yangon market. Local farmers emphasize cultivation of Shwe, Phigyan, Rakhine, Theehmway, Hsinswe and Khunwa banana species.

Kyaw Kyaw Lin


A banana plantation.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဂျာမနီသို့ရောင်းချရန် အမေရိကန်သဘောတူခွင့်ပြုခဲ့ကြောင်း အစ္စရေးပြောကြား



အစ္စရေးနိုင်ငံ၏ အကြီးမားဆုံးစစ်ရေးသဘောတူညီချက်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ Arrow 3 Hypersonic ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဂျာမနီသို့ရောင်းချရန် ဩဂုတ် ၁၇ ရက်တွင် အမေရိကန်က သဘောတူခွင့်ပြုပေးခဲ့ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး Yoav Gallant က ပြောကြားခဲ့သည်။

ကမ္ဘာ့လေထုအလွှာပေါ်ရှိ ပဲ့ထိန်းဒုံးကျည်များကိုပစ်ချရန် ဒီဇိုင်းထုတ်ထားသော ကြားဖြတ်စနစ်ဖြစ်သည့် Arrow 3 လက်နက်စနစ်ကို အစ္စရေးနှင့် အမေရိကန်တို့က ပူးပေါင်းထုတ်လုပ်ထားသည်။

ဂျာမနီနိုင်ငံက Arrow 3 လက်နက်စနစ်ကို ဝယ်ယူခွင့်ရရှိရန် အမေရိကန်အစိုးရခွင့်ပြုချက်နှင့်ပတ်သက်ပြီး အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အသိပေးအကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာန၊ ဂျာမနီဖက်ဒရယ်ကာကွယ်ရေးဝန်ကြီးဌာနနှင့် အစ္စရေးလေကြောင်းနှင့်အာကာသစက်မှုလုပ်ငန်းတို့သည် အစ္စရေးနိုင်ငံ၏ အကြီးမားဆုံး ကာကွယ်ရေးသဘောတူညီချက်အဖြစ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ ဝယ်ယူရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးကြမည်ဟု ဖော်ပြထားသည်။

အစ္စရေးနှင့် ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနများမှအကြီးတန်းအရာရှိများသည် ပဏာမပေးချေမှုအမေရိကန်ဒေါ်လာသန်း ၆၀၀ ဖြင့် သဘောတူညီချက်အတွက် ကတိပြုစာတစ်စောင်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"လေထုအထက်မြင့်မားတဲ့တစ်နေရာမှာ ထူးခြားတဲ့ တာဝေးကြားဖြတ်တိုက်ခိုက်ရေးစွမ်းရည်တွေနဲ့ Arrow 3 ဟာ ထိပ်တန်း ကြားဖြတ်တိုက်ခိုက်ရေးစနစ်အဖြစ် ရပ်တည်နေပါတယ်။ Arrow 3 လက်နက်စနစ်ဟာ ဝင်ရောက်လာမဲ့ ခြိမ်းခြောက်မှုတွေကို ကြားဖြတ်ဟန့်တားဖို့အတွက် Hit-to-Kill နည်းပညာကို အသုံးပြုထားပါတယ်"ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီး Yoav Gallant က အဆိုပါ သဘောတူညီချက်ကို အစ္စရေးသမိုင်းတွင် အကြီးမားဆုံး ရောင်းချနိုင်ခဲ့မှုဟု ကြေညာခဲ့သည်။

"ဒါဟာ အစ္စရေးရဲ့ အင်အားတည်ဆောက်မှုနဲ့ စီးပွားရေးကို အထောက်အကူဖြစ်စေမဲ့ အရေးပါတဲ့ ဆုံးဖြတ်ချက်တစ်ခုပါ" ဟု Yoav Gallant က ပြောကြားခဲ့သည်။

"ဂျာမနီက အစ္စရေးရဲ့ကာကွယ်ရေးစွမ်းရည်ကို ဝယ်ယူဖြည့်တင်းနေတာဟာ ဂျူးလူမျိုးတိုင်းအတွက် အထူးအဓိပ္ပာယ်ရှိပါတယ်" ဟုငင်းက ဆက်လက်ပြောကြားသည်။

အမေရိကန်က တစ်စိတ်တစ်ပိုင်းငွေကြေးထောက်ပံ့ထားပြီး Arrow 3 လက်နက်စနစ်ကို ဘိုးရင်းကုမ္ပဏီနှင့် အစ္စရေး လေကြောင်းဆိုင်ရာစက်မှုလုပ်ငန်း (IAI) တို့က တီထွင်ထုတ်လုပ်ခဲ့သည်။

Arrow 3 လက်နက်စနစ်သည် ကီလိုမီတာ ၂၄၀၀ (မိုင် ၁၄၉၀) ထိ အကွာအဝေးမှပစ်လွှတ်သော ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်သည်ဟု IAI က ပြောကြားထားသည်။

Arrow 3 လက်နက်စနစ်ကို ၂၀၁၇ ခုနှစ်က အစ္စရေးလေတပ်အခြေစိုက်စခန်းတွင် စတင်တပ်ဖြန့်အသုံးပြုခဲ့ပြီး အီရန်နှင့် ဆီးရီးယားနိုင်ငံတို့က လေကြောင်းတိုက်ခိုက်မှုများမှ အစ္စရေးကိုကာကွယ်ရန်အတွက် အသုံးပြုခဲ့သည်။

ဂျာမနီနှင့် အစ္စရေးပါလီမန်များက အတည်ပြုပြီးနောက် သဘောတူညီချက်အတွက် အပြီးသတ်စာချုပ်ကို ယခုနှစ်ကုန်တွင် လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိကြောင်း အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

Arrow 3 လက်နက်စနစ်ကို ၂၀၂၅ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် ရောက်ရှိနိုင်လိမ့်မည်ဟု ဂျာမနီနိုင်ငံက မျှော်လင့်ထားသည်။ ယူကရိန်းအပေါ် ရုရှား၏ ဒုံးကျည်တိုက်ခိုက်မှုများကို မြင်တွေ့ခဲ့ရပြီးနောက် ဥရောပရှိ NATO ၏ လေကြောင်းရန်ကာကွယ်ရေးကို အားကောင်းလာစေရန် ဂျာမနီအစိုးရက ဦးဆောင်တွန်းအားပေးခဲ့ပြီး မဟာမိတ်နိုင်ငံများကို ဟန့်တားရေးစနစ်များဝယ်ယူရန် တိုက်တွန်းခဲ့ကြသည်။

European Sky Shield ဟု အမည်ပေးထားသည့် ဥရောပနိုင်ငံများကာကွယ်ရေးကနဦးလုပ်ဆောင်ချက်ကို ယခုအချိန်ထိ ဥရောပနိုင်ငံ ၁၂ နိုင်ငံကျော်က လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

**Israel Says US OKs 'Land-mark' Missile Defense Deal With Germany ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီထံမှ လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်များ ယူကရိန်း လက်ခံရရှိထား

ယူကရိန်းသည် ရုရှားတပ်ဖွဲ့များ၏ ဒုံးကျည်တိုက်ခိုက်မှုများ တိုးမြင့်လာချိန်တွင် လေကြောင်းရန်ကာကွယ်ရေးကို အားကောင်းစေရန်ရည်ရွယ်၍ ဂျာမနီထံမှ IRIS-T လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်များ လက်ခံရရှိထားကြောင်း ယူကရိန်းသမ္မတရုံးအကြီးအကဲ Andriy Yermak က ဩဂုတ် ၁၇ ရက်တွင် ပြောကြားခဲ့သည်။

IRIS-T လေကြောင်းရန် ကာကွယ်ရေး စနစ်သစ်များအတွက် လုပ်ဖော်ကိုင်ဖက်များကို များစွာကျေးဇူးတင်ရှိကြောင်း၊ ကျွန်ုပ်တို့၏ ကောင်းကင်ယံကို ပိုမိုကာကွယ်နိုင်လိမ့်မည်ဖြစ်ကြောင်း ယူကရိန်းသမ္မတရုံးအကြီးအကဲ Andriy Yermak က ဆိုရှယ်မီဒီယာတွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီသည် ယူကရိန်းသို့ IRIS-T လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် နှစ်စုံကို ထပ်မံထောက်ပံ့ပေးခဲ့ကြောင်း ဩဂုတ် ၁၇ ရက်တွင် အတည်ပြုခဲ့ပြီး ယူကရိန်း၏ အနောက်မဟာမိတ်နိုင်ငံများကို စစ်ရေးအရ ပံ့ပိုးပေးရန် အကြိမ်ကြိမ်တောင်းဆိုနေမှုအပေါ် ဖြည့်ဆည်းပေးနေခြင်းလည်းဖြစ်သည်။

ရုရှားနိုင်ငံ၏ အထူးစစ်ဆင်ရေးအစောပိုင်းအဆင့်တွင် ရုရှားတပ်ဖွဲ့များ၏ ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းများတိုက်ခိုက်ခံရပြီးနောက်ပိုင်း ယူကရိန်းသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အနောက်နိုင်ငံများ၏ အကူအညီဖြင့် ဖြည့်တင်းလုပ်ဆောင်နေခြင်းဖြစ်သည်။

ယခုအခါ ယူကရိန်းမြို့တော် Kyiv ကို လေကြောင်းတိုက်ခိုက်မှုနည်းပါးလာသော်လည်း ရုရှားတပ်ဖွဲ့များအနေဖြင့် ယူကရိန်းနိုင်ငံတောင်ပိုင်းနှင့် အနောက်ဘက်မြို့များ အရေးကြီးသောစစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများအပေါ် လေကြောင်းတိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။

ယူကရိန်းနိုင်ငံ အနောက်ဘက်ရှိ Lutsk မြို့၌ ဩဂုတ် ၁၅ ရက်က ရုရှားတပ်ဖွဲ့များ၏ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့မှုတွင် လူသုံးဦးသေဆုံးခဲ့ပြီး Lviv မြို့ပေါ်တွင် ဒုံးကျည်အများအပြား ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း ယူကရိန်းစစ်ဘက်က ပြောကြားထားခဲ့သည်။




IRIS-T လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ယူကရိန်းတွင် စတင်တပ်ဖြန့်အသုံးပြုခဲ့ချိန်မှစ၍ တိုက်ပွဲဝင်စွမ်းဆောင်ရည်များ ထိရောက်စွာပြသနိုင်ခဲ့ကြောင်း၊ ယနေ့အချိန်ထိ ပစ်မှတ် ၁၂ ခုကို ရာနှုန်းပြည့် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ယူကရိန်းနှင့် အနောက်မီဒီယာများက အခိုင်အမာ ပြောကြားထားကြသည်။

ရုရှားတပ်ဖွဲ့များသည် ယူကရိန်း ဒရုန်းလေ့နှစ်စင်းနှင့် IRIS-T ဒုံးကျည်စနစ်တစ်စုံကို ရုရှားနိုင်ငံထုတ် Lacent-3 တိုက်ခိုက်ရေးဒရုန်းများဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း Kherson ဒေသ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အပေါ် ကိုးကား၍ ရုရှားနိုင်ငံပိုင် TASS သတင်းအေဂျင်စီက ဩဂုတ် ၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

Kherson ဒေသတွင် တပ်စွဲထားသော ဒေသဆိုင်ရာ အရေးပေါ် အရာရှိတစ်ဦးက ရုရှားတပ်ဖွဲ့များသည် ယူကရိန်းလေ့နှစ်စင်းနှင့် IRIS-T ဒုံးကျည်စနစ်ကို ဖျက်ဆီးခဲ့ပြီး Kherson ဒေသတွင် ယူကရိန်းတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးခဲ့ကြောင်း နိုင်ငံပိုင် TASS သတင်းအေဂျင်စီက ဩဂုတ် ၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

**Ukraine Receives New Air Defense Systems From Berlin ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# တန်ဖိုးနည်းအိမ်ရာနှင့် ဝန်ထမ်းအိမ်ရာများကို ပြည်တွင်းကုန်ကြမ်းသုံး Modular House များဖြင့် အစားထိုးတည်ဆောက်ရန်စီစဉ်နေ



**ရန်ကုန် ဩဂုတ် ၂၀**

နိုင်ငံတစ်ဝန်း တန်ဖိုးနည်းအိမ်ရာများနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရာတွင် ပြည်ပဆောက်လုပ်ရေးပစ္စည်းများအစား ပြည်တွင်းကုန်ကြမ်း ၈၀ ရာခိုင်နှုန်းခန့်ထိ အသုံးပြုထားသည့် Modular House များဖြင့် အစားထိုးတည်ဆောက်နိုင်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် (MCEF) ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံမှ သိရသည်။

ထိုသို့ ပြည်တွင်းကုန်ကြမ်း ၈၀ ရာခိုင်နှုန်းခန့်ထိ အသုံးပြုထားသည့် Modular House များကို အသုံးပြု၍ တည်ဆောက်ခြင်းဖြင့် ပြည်ပမှ ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်(MCEF)တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အဆောက်အအုံနဲ့ပတ်သက်ပြီးတော့ လက်ရှိကာလမှာ Modular House တွေနဲ့ တည်ဆောက်အသုံးပြုနေတာတွေ တွေ့ရမှာပါ။ မြန်မာနိုင်ငံအနေနဲ့ ပြည်ပဆောက်လုပ်ရေးပစ္စည်းတွေနေရာ ပြည်တွင်းက ထုတ်တဲ့ပစ္စည်းတွေကို အစားထိုးဆောက်လုပ်မှုတွေ စတင်လုပ်ဆောင်နေတယ်။ မြန်မာနိုင်ငံက ထွက်တဲ့ကုန်ကြမ်းပစ္စည်း ၈၀ ရာခိုင်နှုန်းလောက်ကိုသုံးပြီးမှ ဝန်ထမ်းအိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာတွေ လုပ်ဆောင်မှုအတွက်လဲ အသင်းအနေနဲ့ စတင်လုပ်ဆောင်နေပြီဖြစ်တယ်"ဟု ဦးရှိန်ဝင်းက ပြောပြသည်။

လက်ရှိတွင် ပြည်တွင်း၌ Modular House တည်ဆောက်မည်ဆိုပါက Foundation တည်ဆောက်မှုမပါဝင်ဘဲ တစ်ထပ်အိမ်တစ်လုံးအတွက် ငွေကျပ် သိန်း ၁၅၀ ခန့်နှင့် နှစ်ထပ်အိမ်တစ်လုံးအတွက် ငွေကျပ် သိန်း ၃၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ ASH

# ဘုတ်ပြင်းမြို့နယ် ကလန်းချောင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ဘုတ်ပြင်း ဩဂုတ် ၂၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကလန်းချောင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကလန်းချောင်းကျေးရွာ၌ အလျား ၂၅ ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေရှိ ရေတားတံမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် အရှည် သုံးမိုင် လေးဖာလုံ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။



အဆိုပါစိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၁ ဒသမ ၂၅ သန်းဖြင့် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကလန်းချောင်း ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦးက ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

# မြစ်ကြီးနားမြို့နယ် ပြည်ထောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြစ်ကြီးနား ဩဂုတ် ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် နန်းကွေ့ကျေးရွာအုပ်စု ပြည်ထောင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပြည်ထောင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှက ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀-၈-၂၀၂၃

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| နှံ့ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို၊ အထူးစည်ကားများပြား










ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိမှုကို တွေ့မြင်ရစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့တွင်လည်း ဘုရားဖူးလာရောက်ကြသည့် ရဟန်းရှင်လူ ပြည်သူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီအဆူ ၇၂၀ တို့အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများအနေဖြင့် စက်တင်ဘာ ၃ ရက်ထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိကြောင်းနှင့် ယနေ့ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြရာ အထူးပင်စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မန္တလေးမြို့ပေါ်ရှိ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီးသံဃနာယက (ဂိုဏ်းပေါင်းစုံ)ဥက္ကဋ္ဌ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သြဝါဒခံယူ

**မန္တလေး ဩဂုတ် ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနပီယ အမှူးပြုသော နိုင်ငံတော်သြဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုပြီး သြဝါဒခံယူသည်။

ဦးစွာ မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တသုဇန ပီယမဟာထေရ်အရှင်သူမြတ်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တသုဇနပီယ၊ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသ၊ အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ၊ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒိယ၊ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့က သြဝါဒကထာများ မိန့်ကြားတော်မူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တသုဇနပီယ အမှူးပြုသော ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာနာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသထံမှ အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေး အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသ၊ ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၊ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် မဟာနာယက ဘဒ္ဒန္တကေသရာဘိဝံသ၊ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသနှင့် ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနပီယတို့ သီတင်းသုံးရာ စာသင်တိုက်ကြီးများသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဆရာတော်ကြီးများက သြဝါဒကထာများ မြွက်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မိရိုးဖလာထုတ်လုပ်မှုပုံစံမှ ခေတ်မီဆီသန့်စင်နည်းပညာများအသုံးပြုပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အရည်အသွေးမြင့်ဆီများကို ထုတ်လုပ်ရောင်းချ

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၏ စတုတ္ထအကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများမှထွက်ကုန်များကိုအခြေခံပြီး တန်ဖိုးမြှင့်ထုတ်လုပ်သည့် Supply Chain တစ်လျှောက်တွင်ရှိသော လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေ၊ မျိုးစေ့၊ မြေဩဇာနှင့် ရေ စသည့်သွင်းအားစုများ အချိန်မီရရှိနိုင်ရန် "စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီ"က ဦးဆောင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရည်အသွေးကောင်းမွန်သောဆီများ ထုတ်လုပ်နိုင်ရန် အဆင့်မီဆီစက်များ လိုအပ်နေသည့်အတွက် ပြည်တွင်းဆီစက်များကို အဆင့်မီဆီစက်များ တိုးချဲ့တပ်ဆင်ခြင်း၊ အသစ်များထပ်မံတည်ဆောက်ခြင်းနှင့် လက်ရှိဆီစက်များ အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီး ပံ့ပိုးပေးနိုင်ရေးအတွက် "ဆီစက်ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့"က ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီကို အရည်အသွေးမြင့် ထုတ်လုပ်နိုင်ရန် ဆီထုတ်လုပ်သည့် လုပ်ငန်းစဉ်များတွင် ဆီသန့်စင်သည့် နည်းပညာများ လိုအပ်နေသည့်အတွက် ဆီလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ဆွေးနွေးပွဲများပြုလုပ်ပြီး ကူညီပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆီစက်လုပ်ငန်းရှင်များအနေဖြင့် မိရိုးဖလာလုပ်ကိုင်နေသော ထုတ်လုပ်မှုပုံစံမှ ခေတ်မီဆီသန့်စင်နည်းပညာများ အသုံးပြုပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အရည်အသွေးမြင့်ဆီများကို ထုတ်လုပ်ရောင်းချခြင်းဖြင့် လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌက အသင်း၏ရည်ရွယ်ချက်၊ ရှေ့လုပ်ငန်းစဉ်နှင့် Myanmar Laboratory Network ဥက္ကဋ္ဌ ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်က ရောနှောဆီနှင့် စံချိန်စံညွှန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ ဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်း၊ မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်း၏ ၂၀၂၂-၂၀၂၃ နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းနှင့်ပတ်သက်၍ စာရင်းစစ်အစီရင်ခံစာကိုဖတ်ကြားခြင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ နှစ်ပတ်လည်အစည်းအဝေးသို့ ကြိုတင်ပေးပို့ထားသော မေးခွန်းများ၊ အကြံပြုလွှာများကို ဖတ်ကြားတင်ပြခြင်းနှင့်ပြန်လည်ဖြေကြားခြင်း၊ အသင်း၏ သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ဖြည့်စွက်ချက်များနှင့်ပတ်သက်၍ တက်ရောက်လာသူများထံမှ အတည်ပြုချက်များ ရယူခြင်း၊ ကုမ္ပဏီအသီးသီး၏ ထုတ်ကုန်ပစ္စည်းများ မိတ်ဆက်ပြသခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများသည် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များ ကခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံးတွင် Hybrid System ဖြင့် ကျင်းပလျက်ရှိသည့် အင်ဂျင်နီယာပညာရေး အဆင့်မြှင့်တင်ခြင်းသင်တန်းဖွင့်လှစ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ စက်မှုသိပ္ပံများရှိ ဘွဲ့၊ ဒီပလိုမာသင်တန်းများ၏ အဆင့်အတန်းကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ အင်ဂျင်နီယာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ သိပ္ပံများနှင့် ရင်ပေါင်တန်း၍ တန်းတူရည်တူဖြစ်စေရေးအတွက် ဝါရှင်တန်သဘောတူညီချက် (Washington Accord)၊ ဆစ်ဒနီသဘောတူညီချက် (Sydney Accord)၊ ဒက်ဘလင်သဘောတူညီချက် (Dublin Accord)တို့သို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို တင်းပြည့်အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရန်ရည်ရွယ်၍ ယခုသင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ စက်မှုသိပ္ပံများမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စက်မှုသိပ္ပံများအတွက် အသိအမှတ်ပြုစစ်ဆေးပေးမည့် အကဲဖြတ်ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်တိုင်းရင်းဆေးစက်ရုံနှင့် ဆိုလာစက်ရုံတို့သို့ သွားရောက်လေ့လာ



**နေပြည်တော် ဩဂုတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့သည် ကူမင်းမြို့ရှိ ယူနန်တိုင်းရင်းဆေးစက်ရုံသို့ ယနေ့ နံနက်ပိုင်းတွင် သွားရောက်လေ့လာရာ စက်ရုံမှတာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ပြီး လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ စက်ရုံကို ၁၉၇၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခင်ရိုးရာနည်းပညာဖြင့်ဆောင်ရွက်နေရာမှ စက်မှုလုပ်ငန်းအဖြစ် ခေတ်မီကုန်ထုတ်လုပ်မှု စနစ်ကိုကူးပြောင်းဆောင်ရွက်ခဲ့ကြောင်း၊ ထုတ်လုပ်သည့် ဆေးပစ္စည်းများ၏ အရည်အသွေးကိုလည်း အဆင့်မြှင့်တင်ပြီး ဆေးဝါးထုတ်ကုန်အသစ်များ စဉ်ဆက်မပြတ် စမ်းသပ်ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံပြခန်းတွင် စက်ရုံဖြစ်ပေါ်လာမှုသမိုင်းကြောင်း၊ လုပ်ငန်းလုပ်ဆောင်မှုစနစ်၊ စီမံခန့်ခွဲမှုပုံစံတို့ကို ရှင်းလင်းပြသမှုများကို လိုက်လံကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့တွင် လိုက်ပါလာသည့် ရန်ကုန်တိုင်း ဒေသကြီး ပြည်သူ့ကျန်းမာရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြတ်က သိရှိလိုသည်များကို မေးမြန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် China Tobacco Schweitzer စက်ရုံသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက စက်ရုံဝင်းအတွင်း လှည့်လည်ရှင်းလင်းပြသသည်။ CTS ကုမ္ပဏီကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် တွင်လုပ်ငန်းများစတင် လည်ပတ်ခဲ့ကြောင်း၊ ထုတ်ကုန်များကို ကျန်းမာရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၇ ရက်မှ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး အတွင်းရှိ နည်းပညာတက္ကသိုလ်များ၊ကွန်ပျူတာ တက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာ တက္ကသိုလ်တို့သို့သွားရောက်၍ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား တွေ့ဆုံကာဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။




ဩဂုတ် ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်(မှော်ဘီ)သို့ လည်းကောင်း၊ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပြည်)နှင့်အစိုးရနည်းပညာ အထက်တန်းကျောင်း(ပြည်)သို့ ရောက်ရှိကာ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များကို လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြည်နည်းပညာတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ပြည်)စီမံကိန်း တည်ဆောက်ရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၁၉ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ရောက်ရှိရာ နည်းပညာတက္ကသိုလ်(မကွေး)နှင့် အစိုးနည်းပညာအထက်တန်းကျောင်း(မကွေး)သို့ လည်းကောင်း၊ ယနေ့တွင် ကွန်ပျူတာတက္ကသိုလ်(မကွေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး) နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)တို့သို့လည်းကောင်း သွားရောက်၍ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၏ ကျောင်းဆိုင်ရာအချက်အလက်များ ဆွေးနွေးတင်ပြမှုနှင့် ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်နှင့်ကျောင်းများ၏ သင်ကြားသင်ယူဆောင်ရွက်နေမှု၊ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်ကျောင်းများ၏ ဥပစာရိပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာစေရေး၊ သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူဆောင်ရွက်နေမှု၊ လက်တွေ့ခန်းများတွင် လက်တွေ့ဆောင်ရွက်နေမှု၊ ကျောင်းသား၊ ကျောင်းသူများ၏ အားကစားယှဉ်ပြိုင်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များတွင် နေထိုင်စားသောက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အနီးကပ်ကြီးကြပ်ထောက်ပံ့မှုဖြင့် မကျီးကန် ကျေးရွာရှိ Daily Integrated Farm လုပ်ငန်းတွင် နည်းပညာတက္ကသိုလ်(မကွေး)မှ တာဝန်ယူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဇီဝဓာတ်ငွေ့ကန် အမှတ်(၂/၂၀၂၃)သို့ သွားရောက်ကာ လိုအပ်သော နည်းပညာများ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး မှာကြား ချိတ်ဆက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပ



တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်နှင့် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် နေပြည်တော် ပျဉ်းမနားမြို့ အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပျဉ်းမနားမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဒါယကာ ဒါယိကာမများက ပျဉ်းမနားမြို့ အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ အောင်စည်သာကျောင်းတိုက် ဆရာတော်ထံ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက လည်းကောင်း၊ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်က လည်းကောင်း၊ မာန်အောင်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်က လည်းကောင်း၊ အုန်းတောပရိယတ္တိစာသင်တိုက် ဆရာတော်ထံ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက လည်းကောင်း လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများကို အောင်စည်သာကျောင်းတိုက် ဆရာတော်နှင့် ဆရာတော်၊သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်နှင့် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်တို့က လက်ခံရယူကြသည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီး တစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် အောင်စည်သာ ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာနွယ်ဝင် သီလရှင်စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာများသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၂၆၁၀၀၀၀၊ ဆန် ၉၉၇ အိတ် ရှစ်ပြည်၊ ဆီ ၂၉၂ ဒသမ ၂၀ ပိဿာ၊ပဲ ၂၇၉၇ ပိဿာ၊ ဆား ၂၇၉၇ ပိဿာ၊ဆေးမျိုးစုံဘူး ၃၄၈၀ တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၂၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# ဩဂုတ် ၂၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၄၈၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦးတွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ဝ၆ ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ဒဏ်သင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ တတိယအကြိမ်မြောက် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၂၀**

ကျန်းမာရေးဝန်ကြီးဌာနသည်ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ဒဏ်သင့် ရခိုင်ပြည်နယ်မှ ဒေသခံပြည်သူများလိုအပ်သော အထူးကုသမှုများ (Super Specialty) ရရှိနိုင်စေရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)-ရန်ကုန်တို့မှ နှလုံးရောဂါဆေးပညာ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ၊ ဦးနှောက်နှင့်အာရုံကြောဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊ သွေးရောဂါပညာ၊ ရင်ခေါင်းဆေးပညာ၊ အရိုးအကြောအဆစ်ဆေးပညာ၊အထွေထွေရောဂါကုဆေးပညာရပ်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဩဂုတ် ၁၉ ရက်နှင့် ယနေ့တို့တွင် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ကာ ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့)မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံအငြိမ်းစား ဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် စစ်တွေမြို့အပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ အခြားသောမြို့နယ်များဖြစ်သည့် ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင်၊ မြို့နယ် ၁၀ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများပါ လာရောက်ပြသခဲ့ပြီး နှစ်ရက်အတွင်း နှလုံးရောဂါဆိုင်ရာ ၁၀၁ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ၇၅ ဦး၊ ဦးနှောက်နှင့်အာရုံကြော ဆေးကုသမှုဆိုင်ရာ ၉၅ ဦး၊ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသမှုဆိုင်ရာ ၄၈ ဦး၊ ဆီးချိုနှင့်ဟော်မုန်းဆိုင်ရာ ၆၉ ဦး၊ သွေးရောဂါဆိုင်ရာ ၁၆ ဦး၊ အထွေထွေရောဂါဆိုင်ရာ ၁၈၅ ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာ လူနာ ၂၅ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ ၂၅၇ ဦး စုစုပေါင်း ဒေသခံပြည်သူ ၈၇၁ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။

အဆိုပါလူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့်ကြည့်ရှုခြင်း (Echocardiography) ၃၁ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်း (OGDS) ၁၄ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း (Colonoscopy) နှစ်ဦး၊ ဒူးခေါင်းတွင်း ဆေးထိုး၍ကုသပေးသူ ငါးဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့်စစ်ဆေးခြင်း (CT scan) ကိုးဦး၊ ဓာတ်မှန်ဖြင့်ရောဂါရှာဖွေခြင်း ၇၁ ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၁၆၈ ဦး၊ Ultrasound ရိုက်ခြင်း ၂၉ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း(ECG) ၁၂၄ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး နှလုံးရောဂါဆက်လက်ဆေးကုသရန် လိုအပ်သောလူနာ ခြောက်ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ ရင်ခေါင်းဆေးကုသမှုဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလူနာတစ်ဦးကို အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်သို့လည်းကောင်း လွှဲပြောင်းကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျှော့နည်းကျဆင်းစေရေးအတွက် ရန်ကုန်၊မန္တလေးမှ အထူးကုဆေးကုသရေးအဖွဲ့များ၏ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိရာ ယခုခရီးစဉ်သည် ယခုနှစ်အတွင်း ရခိုင်ပြည်နယ်သို့ တတိယအကြိမ်မြောက် ကွင်းဆင်းဆေးကုမှု စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တို့သို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များ၌လည်း ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၀၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ပြည်ပသို့ထွက်ခွာမည့်သူများအတွက် အသေးသုံးနိုင်ငံခြားငွေ ငွေသားများဝယ်ယူနိုင်ရန် အသိပေးကြေညာ

နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များ၏ Money Changer ကောင်တာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရောင်းဝယ်ခွင့်ပြုထားသည့် ငွေကြေးအမျိုးအစား ခုနစ်မျိုး (အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်၊ မလေးရှားရင်းဂစ်၊ တရုတ်ယွမ်နှင့် ဂျပန်ယန်း)တို့ကို ရောင်းဝယ်ရန်ခွင့်ပြုထားပါသည်။

မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပသို့ထွက်ခွာရာတွင် နိုင်ငံတကာငွေပေးချေမှုကတ်များ (Debit Card နှင့် Credit Card) အပြင် အသေးသုံးနိုင်ငံခြားငွေ ငွေသားဆောင်ယူသွားနိုင်ရေးအတွက် ဈေးကွက်အတွင်း လွယ်ကူစွာဝယ်ယူနိုင်ရန်နှင့် တရားမဝင်ငွေလဲလှယ်နေသူများက ဈေးကစားခြင်းကို ထိန်းသိမ်းရန်တို့ကိုရည်ရွယ်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(သို့မဟုတ်) AD လိုင်စင်ရဘဏ်များ၏ Money Changer ကောင်တာများတွင် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူ၊ ဆေးကုသရန်သွားရောက်မည့်သူနှင့် ပညာသင်သွားရောက်မည့်သူများအား တစ်ဦးလျှင် နိုင်ငံခြားငွေ ငွေသား အမေရိကန်ဒေါ်လာ ၃၀၀ မှ ၅၀၀ ခန့် (ယင်းနှင့်ညီမျှသောနိုင်ငံခြားငွေ ငွေသား) ရောင်းချခြင်းကို ယခုနှစ် မေ ၃၁ ရက်မှစတင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပြည်ပသို့ထွက်ခွာသူများအနက် ဘုရားဖူးထွက်ခွာသူများ၊ ပြည်ပနိုင်ငံအစိုးရနှင့် အသင်းအဖွဲ့များ၏ ဖိတ်ကြားချက်အရ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာသူများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ပါသည်။

ပြည်ပသို့ အမှန်တကယ်ထွက်ခွာမည့်သူများကို အဆင်ပြေလွယ်ကူစွာရောင်းချပေးနိုင်ရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ဆိုက်ရောက်၊ ထွက်ခွာ) ဘဏ်ကောင်တာ သုံးခုတွင် AD လိုင်စင်ရဘဏ်များက နေ့စဉ်အလှည့်ကျရောင်းချသွားမည်ဖြစ်ပါသည်။ လေဆိပ်ကောင်တာများအပြင် အသေးသုံးနိုင်ငံခြားငွေ ငွေသားရောင်းချပေးသည့်အစီအစဉ်အရ ဝယ်ယူရရှိနိုင်သည့် ဘဏ်ကောင်တာများမှာ ကမ္ဘောဇဘဏ်လီမိတက်၊ AYA Bank PCL၊ CB Bank PCL၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ရိုးမဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ ကမ္ဘာ့ရတနာဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့ဖြစ်ပြီး အဆိုပါကောင်တာများတွင် ဝယ်ယူနိုင်ကြောင်းကိုလည်း ဘဏ်များ၏ Website နှင့် Facebook Page များတွင် ကြေညာထားပါသည်။

# မက္ကဆီကိုနိုင်ငံ ဘာဂျာကယ်လီဖိုးနီးယားကျွန်းသို့ ဟာရီကိန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်



**မက္ကဆီကိုစီးတီး ဩဂုတ် ၂၀**

မက္ကဆီကိုနိုင်ငံ ဘာဂျာကယ်လီဖိုးနီးယားကျွန်းသို့ ယနေ့နံနက်ပိုင်းက ဟီလာရီဟုအမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း မက္ကဆီကိုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု WDSU သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဟီလာရီဟာရီကိန်းမုန်တိုင်းသည် ကြိုတင်ခန့်မှန်းထားသည့်အတိုင်း ဘာဂျာကယ်လီဖိုးနီးယားကျွန်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ကာဘိုဆန်လူးကပ်စ်မြို့သို့ ကနဦးဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း၊ ဟီလာရီဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံတွင် တိုက်ခတ်ပြီးပါက အမေရိကန် အနောက်ဘက်ကမ်းခြေဒေသများသို့ ဦးတည်ရွေ့လျားသွားဖွယ်ရှိနေကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

"မက္ကဆီကိုနိုင်ငံ ဘာဂျာကယ်လီဖိုးနီးယားကျွန်းမှာ ကြိုတင်ခန့်မှန်းထားတဲ့အတိုင်း ဟီလာရီဟာရီကိန်းမုန်တိုင်း တိုက်ခတ်နေပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းနေပြီး ကပ်ဘေးသဖွယ် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ဟီလာရီဟာရီကိန်းမုန်တိုင်းဟာ မက္ကဆီကိုနိုင်ငံမှာ တိုက်ခတ်ပြီးရင် အမေရိကန် အနောက်ဘက်ကမ်းခြေဒေသတွေဆီကို ဦးတည်လာနိုင်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ နယ်နိမိတ်အတွင်းကို လာမဲ့ရက်ပိုင်း ဒါမှမဟုတ် လာမဲ့ရက်သတ္တပတ်အတွင်း ဝင်ရောက်လာနိုင်ပါတယ်" ဟု အမေရိကန်အမျိုးသားဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဘာဂျာကယ်လီဖိုးနီးယားကျွန်းတွင် ဟီလာရီဟာရီကိန်းမုန်တိုင်းကြောင့် စာသင်ကျောင်းများနှင့် အစိုးရရုံးများကို ယာယီပိတ်ထားပြီး မလိုအပ်ဘဲ အပြင်သို့သွားလာခြင်း မပြုရန်လည်း မက္ကဆီကိုအာဏာပိုင် အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# စပိန်နိုင်ငံ တန်နီရိဖ်ကျွန်းတွင် တောမီးကြောင့် လူဦးရေ ၂၆၀၀၀ ကျော် ရွှေ့ပြောင်းနေရ

**မက်ဒရစ် ဩဂုတ် ၂၀**

စပိန်နိုင်ငံ တန်နီရိဖ်ကျွန်းတွင် တောမီးလောင်ကျွမ်းမှုသည် မြို့ ၁၁ မြို့ထိ ကူးစက်လောင်ကျွမ်းနေပြီး ယနေ့ထိ လူဦးရေ ၂၆၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း စပိန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Al Jazeera သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် တန်နီရိဖ်ကျွန်း မြောက်ဘက်ပိုင်းတွင် အဓိကလောင်ကျွမ်းနေပြီး တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များမှာ တန်နီရိဖ်ကျွန်းအနှံ့သို့ ပျံ့နှံ့နေကြောင်းလည်း တန်နီရိဖ်ကျွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒေသခံတွေရဲ့ အသက်ဘေးအန္တရာယ်လုံခြုံမှုက အရေးကြီးပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားတဲ့ဧရိယာနဲ့ နီးကပ်တဲ့နေရာမှာ နေထိုင်တဲ့ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အယောက် ၂၆၀၀၀ ကျော်ရှိနေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက်လဲ လေကြောင်းအကူအညီ ရယူထားပါတယ်"ဟု တန်နီရိဖ်ကျွန်း ကောင်စီဥက္ကဋ္ဌ ရိုဆာဒါဗီလာက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် သစ်တောမြေဧက ၅၀၀၀ ကျော်ထိရှိနေပြီး ယခုတောမီးသည် တန်နီရိဖ်ကျွန်းတွင် လောင်ကျွမ်းသည့်တောမီးများအနက် အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှုဖြစ်ကြောင်း ရိုဆာဒါဗီလာက ပြောကြားခဲ့သည်။

ဒေသခံများ၏ အသက်ဘေးအန္တရာယ်ကို ကာကွယ်ပေးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်နေပြီး ဒေသခံများကို ဘေးလွတ်ရာ အမြန်ဆုံး ရွှေ့ပြောင်းပေးနိုင်ရေးအတွက်လည်း ကယ်ဆယ်ရေးဝန်ထမ်းအမြောက်အမြားစေလွှတ်ထားကြောင်း ရိုဆာဒါဗီလာက ဆက်လက်ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ရန် မော်ရိုကိုတိုက်တွန်း

**ရာဘတ် ဩဂုတ် ၂၀**

ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့တွင် ဩဂုတ် ၁၅ ရက်မှ ဩဂုတ် ၁၈ ရက်ထိ ကျင်းပခဲ့သော ၁၉ ကြိမ်မြောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာဖရိကဝန်ကြီးများ ညီလာခံ၌ မော်ရိုကိုနိုင်ငံ အသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်ဟု The North Africa Post သတင်းဌာနက ဩဂုတ် ၁၉ ရက်တွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာလုံးဆိုင်ရာစိုးရိမ်မှုများထဲမှတစ်ခုဖြစ်သော လူနေမှုဘဝများကိုထိခိုက်စေပြီး ဂေဟစနစ်၊ တိရစ္ဆာန်နှင့် အပင်များကိုလည်း ခြိမ်းခြောက်လျက်ရှိသည့် ပလတ်စတစ်ညစ်ညမ်းမှုတန်ပြန်တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဒေသတွင်းနှင့် နိုင်ငံတကာ၏ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ပံ့ပိုးသွားရန် ကတိကဝတ်ပြုခဲ့ကာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ရန်လည်း မော်ရိုကိုနိုင်ငံ အသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး လီလာဘီလာနီက အဆိုပါအစည်းအဝေး၏ နောက်ဆုံးနေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။

အာဖရိကတိုက်သည် ကမ္ဘာလုံးဆိုင်ရာပလတ်စတစ်၏ ငါးရာခိုင်နှုန်းသာထုတ်လုပ်ပြီး လေးရာခိုင်နှုန်းသာ သုံးစွဲလျက်ရှိသော်လည်း ပလတ်စတစ်၏ ဆိုးကျိုးများကို ခံစားရလျက်ရှိကြောင်း၊ ထို့ကြောင့် သင့်လျော်သော အရေးယူဆောင်ရွက်မှုများ မပြုလုပ်ပါက ပလတ်စတစ်ထုတ်လုပ်မှုနှင့် သုံးစွဲမှုသည် လာမည့်ဆယ်စုနှစ်အတွင်း တစ်ကမ္ဘာလုံးနှင့် အာဖရိကတွင် သိသိသာသာ တိုးလာမည်ဖြစ်ကြောင်း ဝန်ကြီးလီလာဘီလာနီက ပြောကြားခဲ့သည်။ AZH



# ဥရောပတိုက်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် သံလွင်ဆီထုတ်လုပ်မှု ကျဆင်းလာနိုင်

**လန်ဒန် ဩဂုတ် ၂၀**

ဥရောပတိုက်တွင် ပြီးခဲ့သည့် ဇူလိုင်လအတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်စံချိန်တင် မြင့်တက်မှု ဖြစ်ပေါ်ခဲ့ပြီးနောက် သံလွင်ဆီထုတ်လုပ်မှု ကျဆင်းလာနိုင်ကြောင်း အင်္ဂလန်နိုင်ငံအခြေစိုက် သံလွင်ဆီအများဆုံးထုတ်လုပ်သည့် Filippo Berio UK ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်ဟု Express သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အပူချိန်မြင့်တက်မှုကြောင့် သံလွင်ပင်စိုက်ခင်းများ ပျက်စီးခဲ့ရသကဲ့သို့ သံလွင်စေ့ထွက်ရှိမှုလည်း ကျဆင်းခဲ့ကြောင်း၊ ထို့ပြင် အပူချိန်မြင့်တက်မှုကြောင့် ဥရောပနိုင်ငံများတွင် တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်ခဲ့ပြီး သံလွင်ပင်များ တောမီးကူးစက်လောင်ကျွမ်းမှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

"ဥရောပတိုက်အတွင်း အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုကြောင့် သံလွင်ပင်စိုက်ခင်းတော်တော်များများ ပျက်စီးခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့်လဲ သံလွင်ပင်စိုက်ခင်းတွေ မီးလောင်ကျွမ်း ပျက်စီးခဲ့တယ်။ ရာသီဥတုကြောင့်လဲ သံလွင်စေ့တွေ အထွက်နှုန်းကျဆင်းခဲ့တယ်။ သံလွင်ဆီထုတ်လုပ်နိုင်မှု လျော့ကျလာနိုင်ပါတယ်။ အပူလှိုင်းဖြတ်သန်းမှုဟာ သံလွင်ဆီထုတ်လုပ်မှုကဏ္ဍကို ရိုက်ခတ်နိုင်ပါတယ်"ဟု အင်္ဂလန်နိုင်ငံအခြေစိုက် သံလွင်ဆီအများဆုံးထုတ်လုပ်သည့် Filippo Berio UK ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ ဝယ်သာဇန်ရီက ပြောကြားခဲ့သည်။

သံလွင်ဆီသည် ကျန်းမာရေးကဏ္ဍအတွက်သာမက စားသောက်ကုန်လုပ်ငန်းများအတွက်လည်း အဓိကကျကြောင်း၊ သံလွင်ပင်စိုက်ခင်းများပျက်စီးမှုကြောင့် သံလွင်ဆီထုတ်လုပ်မှုကျဆင်းကာ သံလွင်ဆီဈေးနှုန်းမှာလည်း မြင့်တက်လာဖွယ်ရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့်ဇူလိုင်လက ဖြစ်ပေါ်ခဲ့သောအပူချိန်သည် ကမ္ဘာ့သက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံးပမာဏသို့ရောက်ရှိခဲ့ပြီး ကမ္ဘာမြေကြီးပူနွေးမှုနှုန်းမှာ သိသိသာသာ မြင့်တက်နေကြောင်းလည်း ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# ပါကစ္စတန်တွင် မီးခိုးမြူ၏ဆိုးကျိုးများနှင့် ပတ်သက်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ ယာဉ်မောင်းများကို အသိပညာပေးဆွေးနွေး

**အစ္စလာမ်မာဘတ် ဩဂုတ် ၂၀**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် သယ်ယူပို့ဆောင်ရေးဌာနသည် မီးခိုးမြူ၏ဆိုးကျိုးများနှင့်ပတ်သက်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ ယာဉ်မောင်းများကို ဩဂုတ် ၁၉ ရက်က အသိပညာပေးဆွေးနွေးခဲ့ကြောင်း ပြည်နယ်သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့အစည်းမှ ထုတ်ပြန်သော သတင်းများကို ကိုးကား၍ Associated Press of Pakistan သတင်းဌာနက ဩဂုတ် ၁၉ ရက်တွင် ရေးသားဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံသည် ကမ္ဘာ့လေထုအညစ်ညမ်းဆုံးနိုင်ငံများစာရင်းတွင် မကြာခဏပါဝင်လျက်ရှိရာ လေထုညစ်ညမ်းမှုလျော့ချရန်၊ လူသားများနှင့် တိရစ္ဆာန်များ၊ ကောက်ပဲသီးနှံများအပေါ် မီးခိုးမြူများ၏ဆိုးကျိုးများကို ကျယ်ကျယ်ပြန့်ပြန့်နားလည်စေရန် ရည်ရွယ်၍ အသိပညာပေးဆွေးနွေးပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ် သယ်ယူပို့ဆောင်ရေးဝန်ကြီး ဒေါက်တာ အာမက်ဂျဗက်ကွာဇီက ပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပန်ဂျပ်ပြည်နယ် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့အစည်းက မီးခိုးများ အလွန်အကျွံထွက်သော မော်တော်ယာဉ်များကို ဥပဒေဖြင့် တင်းတင်းကျပ်ကျပ် အရေးယူသွားရန် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များနှင့် ယာဉ်မောင်းများကို သတိပေးခဲ့ကြောင်း သိရသည်။

သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များနှင့် ယာဉ်မောင်းများအနေဖြင့် မိမိတို့၏ယာဉ်များကို အရည်အသွေးပြည့်မီသော ဓာတ်ဆီ၊ ဒီဇယ်နှင့် အင်ဂျင်ဆီများသုံးစွဲရန်၊ ယာဉ်ကြံ့ခိုင်ရေး စစ်ဆေးမှုများပြုလုပ်၍ သက်ဆိုင်ရာက အသိအမှတ်ပြုသည့်လက်မှတ်များ ရယူထားရန်နှင့် ဝန်ပိုတင်ဆောင်မှုများ မပြုလုပ်ရန် အသိပညာပေးဆွေးနွေးပြောကြားခဲ့ပြီး စည်းကမ်းဖောက်ဖျက်သောယာဉ်များကို ဒဏ်ငွေများချမှတ်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲအပြီးတွင် ပြည်နယ်သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့အစည်းက အများသူငှာ သယ်ယူပို့ဆောင်ရေးယာဉ်များကို စစ်ဆေးခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

AZH

Ow Kw M @

# အိမ်ထောင်ဖက်

ကိုရွှေတောသား(ဆင်ကူး)




(၁)

"အားနာလိုက်တာကလေးရယ်။ တကယ်တော့လေ ဘာမှမပြည့်စုံတဲ့ ကိုယ့်ဘဝထဲကို အစကတည်းက ကလေးကို ကိုကြီးမခေါ်ခဲ့သင့်ဘူး"

စားပွဲခင်းမရှိ ကျိုးပဲ့နေသည့်စားပွဲခုံကလေးပေါ်တွင် ဟင်းရွက်ကြော်တစ်ပွဲဖြင့် ထမင်းစားနေသော အသက် ၁၈ နှစ်အရွယ် မိန်းကလေးကို အသက် ၃၀ အရွယ်အမျိုးသားက ပြောလိုက်ခြင်းဖြစ်သည်။ မိန်းကလေးသည် ထမင်းပန်းကန်ကို မြိန်ရှက်စွာခေါင်းငုံ့စားနေရင်းက မော့ကြည့်ကာပြန်ပြောသည်။

"ဘာလဲ ကိုကြီးက ကလေးကို ကလေးမချစ်မနှစ်သက်တဲ့ အရက်သမား၊ ဖဲသမားလက်ထဲကို ရောက်စေချင်လို့လား"

"အဲဒီလိုပြောတာမဟုတ်ပါဘူး ကလေးရယ်။ ကလေး အခုလို ကိုကြီးနဲ့နေရတာ ပင်ပန်းဆင်းရဲပြီး ဘာမှပြည့်စုံမှုမရှိလို့ပြောရတာပါ။ ဘယ်သူကမှ ကိုယ်ချစ်ရတဲ့ချစ်သူနဲ့ ခွဲပြီးနေချင်မှာတဲ့လဲ။ ဒါပေမဲ့ ကိုယ်ချစ်တဲ့သူကိုတော့ စိတ်ချမ်းသာစေချင်တာပေါ့ကွယ်"

"ကလေးက အခု စိတ်ချမ်းသာတယ်လေ။ ပြီးတော့ ကလေးဘဝမှာ ကိုကြီးရှိရင် အရာရာပြည့်စုံတယ်သိလား"

အပြန်အလှန်ပြောဆိုနေကြသည့်စကားများသည် ကြားရသူအဖို့ ကြည်နူးစရာကောင်းနေတော့သည်။ ကြင်စဦး ဇနီးမောင်နှံဖြစ်ပုံရသည်။ ကောင်မကလေးသည် ပစ္စည်းဥစ္စာပြည့်စုံသည့် အသိုင်းအဝိုင်းကဖြစ်ပြီး ကောင်ကလေးသည် ဆင်းရဲသည့်အခြေခံလူတန်းစား အသိုင်းအဝိုင်းကဖြစ်ပုံရသည်။ သို့သော်ကောင်ကလေး၏ပုံသဏ္ဌာန်သည် အရက်သေစာအသောက်အစားရှိပုံမရ။ အနေအေးပြီးရိုးသားပုံရသည်။ ကောင်ကလေးနှင့် ကောင်မကလေးသည် အသက်အရွယ်၊ ဂုဏ်နေတို့ ကွာခြားရုံမှတစ်ပါး အခြားပြောဖွယ်ရာမရှိပေ။ နတ်ဖက်သည့်အတွဲ၊ လိုက်ဖက်သည့်အတွဲဖြစ်နေသည်။ ကောင်မကလေးထမင်းစားပြီးမှ ကောင်ကလေးက ထမင်းစားသည်။

"ဟင် ကိုကြီးရယ် စောစောကတည်းက ကလေးနဲ့ ထမင်းဝင်မစားဘဲနဲ့ အခုမှစားတယ်"

"အို. . . ဘာရယ်မဟုတ်ပါဘူး ကလေးရယ်။ ကလေးထမင်းစားနေတာကို ကိုကြီးက တစိမ့်စိမ့်ထိုင်ကြည့်နေချင်လို့ပါ"

"အင်းပါ။ ဒါပေမဲ့ ဒီတစ်ခါတော့ ကလေး အလှည့်နော်"

"ဘာကိုလဲ ကလေးရဲ့"

"ဪ. . . ကလေးထမင်းစားနေတုန်းက ကိုကြီးက ကလေးကို တစိမ့်စိမ့်ထိုင်ကြည့်နေသလို အခုကိုကြီးထမင်းစားနေတာကို ကလေးက တစ်လှည့်ပြန်ပြီး တစိမ့်စိမ့်ကြည့်ရတော့မယ်လို့"

ကြားရသမျှစကားများသည် ချစ်စခင်စကြင်စဦးတို့၏ ဝေလေ့ရှိရာအတိုင်း ကြည်နူးချမ်းမြေ့စရာကောင်းနေပါတော့သည်။ ထိုအတူ နားထောင်နေမိသည့် ဒေါ်မယ်အိ၏ စိတ်အလျဉ်သည်လည်း ငယ်ဘဝ၊ တစ်စိတ်တစ်ဒေသသို့ ပြန်လည်၍ ရောက်ရှိသွားရပါတော့သည်။

(၂)

"သေသေချာချာ စဉ်းစားပေးပါအုံးအိရာ။ တို့တွေချစ်ခဲ့ကြတာလဲ ကြာခဲ့ပြီပဲ။ ဘယ်တုန်းကများ အိအပေါ်မှာ တို့ဆိုးခဲ့၊ အပြစ်လုပ်ခဲ့မိလို့လဲ"

မအိသည် ငြိမ်သက်၍ တွေဝေနေသည်။

"အိ မကြိုက်တဲ့ အရက်တို့၊ ကွမ်း၊ ဆေးလိပ်တို့တောင် တို့ဖြတ်ခဲ့ပေးတာပဲ။ ဘာလဲ အိက တို့မှာ ပစ္စည်းဥစ္စာမရှိလို့၊ အချိန်တန်ရင် အိ မျက်နှာငယ်ရမှာစိုးလို့လား"

ကိုထွန်းမောင်က တုန်လှုပ်ချောက်ချားစွာမေးသည်။ မအိ ရင်နာနာနှင့်ဆုံးဖြတ်ရသည်။ မအိ ဆင်းရဲမှာကို ကြောက်မိသည်။ ချစ်သူနှင့်သာဆိုရင် တဲအိုပျက်မှာအတူနေပြီး ထမင်းရည်ပဲသောက်ရသောက်ရဟူသော ချစ်သူတို့ပြောစကားများကို မအိ မျက်ကွယ်ပြုခဲ့မိသည်။ ချစ်သူကို ချစ်လျက်ဖြင့်ပင် လမ်းခွဲရန် ဆုံးဖြတ်လိုက်သည်။

"အိကိုခွင့်လွှတ်ပါ ကိုထွန်းမောင်ရယ်။ အိ အိမ်ထောင်ရေးမှာ ပစ္စည်းဥစ္စာမချမ်းသာရင်တောင် လူနေမှုအဆင့်အတန်းမှာ အသင့်အတင့်လေးတော့ ဖြစ်စေချင်တယ်။ ကိုထွန်းမောင်မှာက ညီအစ်ကိုမောင်နှမတွေ၊ မိဘတွေကို ပြန်ကြည့်ရအုံးမှာမဟုတ်လား။ ပစ္စည်းဥစ္စာဆိုလို့လဲ အဝတ်တစ်ထည်ကိုယ်တစ်ခုသာသာပဲရှိတာ။ ဘာမှမပြည့်စုံတဲ့ဘဝထဲကို အိက မျက်စိစုံမှိတ်ပြီးဝင်ရမှာတဲ့လား"

"တို့တောင်းပန်ပါတယ် အိရာ။ တို့ အိကိုသိပ်ချစ်တာ။ တို့အိမ်ထောင်ရေးထူထောင်ပြီးတဲ့အခါ တို့ပိုပြီးကြိုးစားပါ့မယ်။ တို့ကို လမ်းခွဲမသွားပါနဲ့ အိရာ"

ကိုထွန်းမောင်က မည်သို့ပင်တောင်းပန်စေကာမူ မအိသည် မိဘများသဘောတူသည့် တစ်ရွာသား ကိုလှဟန်နှင့် အိမ်ထောင်ပြုလိုက်တော့သည်။ သိပ်မကြာလိုက် မအိတို့အိမ်ထောင်ရေး ပျက်စီးသွားရသည်။ တစ်ရွာသား သူဌေးသားကိုလှဟန်ကို မအိ မိဘများက ပိုက်ဆံချမ်းသာသည်ဟုသာမြင်ကြသည်။ အရက်သေစာသောက်စားပြီး ဖဲရိုက်ကြက်တိုက်နှင့် ပွေရှုပ်နေသည်ကိုတော့ မမြင်ကြပေ။ အချိန်တန်ရင် အရက်မူးပြီးပြန်လာတတ်သည့် ယောကျ်ားဖြစ်သူ၏ ဆဲဆိုကြိမ်းမောင်းမှုဒဏ်၊ ရိုက်နှက်ကန်ကျောက်သည့် ဒဏ်ကို မအိ ခံခဲ့ရသည်။ သည်းမခံနိုင်သည့်အဆုံး မအိတို့အိမ်ထောင်ရေး ပြိုကွဲသွားတော့သည်။ သည်တော့မှ မအိ၏မိဘများလည်း နောင်တများရနေတော့သည်။ တစ်ဖက်တွင်လည်း ချစ်သူ၏ထားရစ်မှုကို မခံနိုင်ရှာသည့် ကိုထွန်းမောင်တစ်ယောက် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်သွားသည်။

(၃)

"အဒေါ် ဗိုက်ဆာနေမှာပေါ့။ ကျွန်တော်တို့မှာတော့ စားစရာဖောဖောသီသီတော့မရှိဘူးဗျ။ ဒါပေမဲ့ ဒီထမင်းလေးကိုတော့ အဒေါ်စားလိုက်ပါ"

"ဟုတ်ပါတယ် အဒေါ်ရယ်။ ထမင်းလေးနည်းနည်း လောက်စားလိုက်နော်"

ဒေါ်မယ်အိ၏ အတွေးအာရုံများ ပျက်ပြယ်သွားရသည်။ ထမင်းကြမ်းခဲကလေးပေါ်တွင် ဟင်းရွက်စိမ်းကြော်ကလေးထည့်ပေးပြီး ထမင်းကျွေးနေသည့် ညားခါစ ဇနီးမောင်နှံနှစ်ယောက်ကို အားနာစွာကြည့်လိုက်သည်။ ဗိုက်သည် ဆာလွန်း၍ တဂွီဂွီပင်မြည်နေသည်။ ဣန္ဒြေမဆည်နိုင်စွာ ထမင်းပန်းကန်ကိုယူပြီး စားလိုက်တော့သည်။ အရွယ်နှင့်မလိုက်အောင်ပင် စေတနာသဒ္ဓါအားကောင်းသည့် ဇနီးမောင်နှံနှစ်ယောက်ကို ကျေးဇူးတင်မဆုံးဖြစ်ရသည်။ ထမင်းစားပြီးတော့ ကောင်မကလေးက အလိုက်တသိပင် ရေတစ်ခွက်ပါ ခပ်တိုက်သည်။

"အဒေါ်က ဘယ်ကလာပြီး ဘယ်ကိုသွားမှာလဲဟင်"

မေးလာသည့်စကားကို ဒေါ်မယ်အိ ချက်ချင်းမဖြေနိုင်ပေ။ တွေဝေငေးမောနေသည်။ ဒေါ်မယ်အိ၏ မျက်နှာ၌ ကြေကွဲမှုပုံရိပ်များထင်ဟပ်လာသည်။ ပါးပြင်ထက်၌ မျက်ရည်များစီးကျလာသည်။ ကောင်ကလေးနှင့် ကောင်မကလေးကို သူ့ဘဝဖြစ်စဉ်အကြောင်းအရာများကို ပြောပြလိုက်ပါတော့သည်။

(၄)

"အဒေါ်က အိမ်ထောင်ရေးကိုစိတ်ကုန်ပြီး သည်းမခံနိုင်တော့တာနဲ့ ကွာရှင်းပြတ်စဲပေးဖို့ အကြိမ်ကြိမ်တောင်းဆိုခဲ့တယ်။ ကိုလှဟန်က ကွာရှင်းမပေးဘူး။ အဒေါ် အိမ်ပေါ်က ဆင်းသွားပြီး မိဘအိမ်ကိုပြန်နေတော့လဲ အတင်းမရရအောင်ပြန်ပြီးခေါ်တယ်။ မလိုက်ရင် အဒေါ့်မိဘတွေကိုပါ ပြဿနာရှာတယ်။ တစ်စတစ်စနဲ့ ပြဿနာက အခြေအနေဆိုးလာတယ်။ အဒေါ်လဲ သူ့ကိုပိုပြီးစိတ်ကုန်လာတယ်။ သူ့ရဲ့အနိုင်ကျင့်မှုတွေကို ကြောက်လာတယ်။ နောက်တော့ သည်းမခံနိုင်တဲ့အဆုံး အဒေါ်သူ့ကို သူသောက်မဲ့အရက်ခွက်ထဲ အဆိပ်ခတ်ပြီးသတ်လိုက်မိတယ်။ အဲဒီအပြစ်နဲ့ အဒေါ်လဲ ထောင်ကျခဲ့တယ်ဆိုပါတော့ကလေးတို့ရယ်။ ဒီနေ့ပဲ အဒေါ်ထောင်ကလွတ်လာတာ။ အဲဒါမောပန်းလာတာနဲ့ ကလေးတို့တဲအိမ်လေးနား ဝင်နားနေတာပါကွယ်"

"ဪ. . ."

"ဖြစ်မှဖြစ်ရလေ အဒေါ်ရယ်။ ကြားရတာ စိတ်မကောင်းလိုက်တာရှင်"

ကောင်ကလေးနှင့်ကောင်မကလေးက ဒေါ်မယ်အိပြောသမျှနားထောင်ရင်း စိတ်မကောင်းဖြစ်သွားကြသည်။ ဒေါ်မယ်အိက စကားကို ဆက်ပြောနေသည်။

"မိဘတွေက သားသမီးတွေအတွက် ကောင်းမယ်ထင်ပြီး စီစဉ်ပေးကြတာပါပဲ။ ဒါပေမဲ့ လက်တွေ့မှာ အထင်နဲ့အမြင်လွဲပြီး သားသမီးတွေဒုက္ခရောက်နေကြတာအများကြီးရှိပါတယ်ကွယ်။ လောကမှာ ငွေရှိတိုင်း မပြည့်စုံကြပါဘူး ကလေးတို့ရယ်"

"ဟုတ်တာပေါ့ အဒေါ်ရယ်"

ဒေါ်မယ်အိ၏ စကားဆုံးတော့ ကောင်မကလေးက ကောင်ကလေးမျက်နှာကိုကြည့်ပြီး ပြုံးပြလိုက်ရင်းပြောသည်။

"ကြားရဲ့လား ကိုကြီး။ အခုဆို ကလေးရဲ့ဆုံးဖြတ်ချက်က မမှားတော့ဘူးနော်"

ကောင်ကလေးက ခေါင်းညိတ်သည်။ ကောင်မကလေးက ဆက်ပြောသည်။

"အိမ်ကအဖေနဲ့ အမေကလဲ ဒီက အဒေါ်ကြီးရဲ့ အဖေနဲ့ အမေလိုပဲနေမှာ သူတို့အမြင်မှာတော့ သားသမီးကို ဆင်စီးပြီးမြင်းရံတာပဲကြည့်ချင်တယ်ဆိုပြီး သူဌေးသား ပိုက်ဆံရှိတဲ့သူနဲ့ ပေးစားချင်ကြတယ်။ တကယ်တမ်းကျ ကိုယ့်သားသမီးနဲ့ ရေရှည်အဆင်ပြေပါ့မလား။ အရက်သမား၊ ဖဲသမားဟုတ်ဆိုပြီး နည်းနည်းလေးမှ ထည့်မတွေးကြဘူး။ ပိုက်ဆံရှိတိုင်းအဆင်ပြေမယ်ထင်နေကြတာ ကိုကြီးရဲ့။ ကလေးကတော့လေ အဲဒီလိုကိုယ်မချစ်မနှစ်သက်တဲ့သူနဲ့ ယူရမဲ့အစား ကိုယ့်ကိုယ်ကိုယ်ပဲ သတ်သေပစ်လိုက်မှာ"

"ဪ. . . ကလေးရယ်"

သူတို့နှစ်ဦး၏ ကြည်နူးစရာမြင်ကွင်းလေးကို ကြည့်ပြီး ဒေါ်မယ်အိ၏ရင်ထဲလည်း အပျော်များ ကူးစက်ပျံ့နှံ့စေ၏။

"သားတို့သမီးတို့ နေထိုင်ရတာအဆင်ပြေကြရဲ့လား"ဟု ကရုဏာသက်စွာမေးလိုက်သည်။


"ပြေပါတယ်အဒေါ်။ ပစ္စည်းဥစ္စာ မရှိတာကလွဲလို့ အရာရာ သားတို့စိတ်ချမ်းသာပါတယ်"

"ဟုတ်တယ်အဒေါ်။ ပစ္စည်းဥစ္စာဆိုတာ ကိုယ်ကြိုးစားရှာရင် ဘာမဆိုဖြစ်လာနိုင်တာပဲမဟုတ်လား။ စစ်မှန်တဲ့မေတ္တာတရားဆိုတာ ရှာတိုင်းရမှာမှမဟုတ်တာ။ ပြီးတော့ သမီးရဲ့ယောကျ်ားက အရက်သေစာလဲ မသောက်စားတတ်ဘူး။ သူတစ်ပါးအပေါ်ကိုလဲ စိတ်ကောင်းနှလုံးကောင်းရှိတယ်။ ကံငါးပါးကိုလဲ လုံခြုံအောင်နေတယ်။ ဒီလိုလူမျိုးကိုမှ သမီးက အိမ်ထောင်ဖက်အဖြစ်မရွေးရင် သမီးပဲမှားသွားမှာပေါ့ မဟုတ်ဘူးလားအဒေါ်ရယ်"

"အို. . . ဟုတ်တာပေါ့သမီးရယ်၊ ဟုတ်တာပေါ့"

ကောင်ကလေးနှင့် ကောင်မကလေး၏ စကားများသည် ဒေါ်မယ်အိ၏ရင်ထဲသို့ သာယာစွာခံစားသက်ဝင်စေပါတော့သည်။

# မြောင်းမြမြို့နယ်တွင် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိ



**မြောင်းမြ ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မြောင်းမြမြို့မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ဇွန်လနှင့် ဇူလိုင်လက မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ထိသာဈေးရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ မြေပဲဆန်များ ဈေးကောင်းရရှိနေခြင်းကြောင့် မြေပဲစိုက်ပျိုးသိုလှောင်ထားသူများ အဆင်ပြေလာကြောင်း သိရသည်။

"လက်ရှိ ဈေးကွက်ထဲမှာ မြေပဲဆန် လက်ကျန်အဟောင်းတွေပဲ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခု ဒေသထွက် မြေပဲသိုလှောင်ထားတဲ့သူတွေ အဆင်ပြေနေပါတယ်။ လက်ကျန်မြေပဲတွေနည်းလာတာနဲ့အမျှ အရောင်းအဝယ်ကောင်းနေပြီး ဈေးပါကောင်းလာတာပါ။ ဒ့ါပြင် မြေပဲဆီတွေ ထုတ်လုပ်မှုအားကောင်းလာတာကြောင့် မြေပဲဆန်ဈေးကောင်းလာတာပါ။ မြေပဲဆန်ဈေးက တက်ဖို့သာရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒေသမှာ မြေပဲအသစ်တွေ မပေါ်သေးတာကြောင့်ပါ။ အခုနှစ် မြေပဲဆန်ဈေးကောင်းတော့ တောင်သူတွေက အဓိကအဆင်ပြေနေသလို လုပ်သားတွေနဲ့ ကုန်သည်တွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

အဆိုပါ ဒေသထွက်မြေပဲဆုံဆီအစစ် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**စလင်း ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်းကို ပုလဲကုန်းကျေးရွာ မတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ပုလဲကုန်းကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၄ ဒသမ ၂ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၉ ဦးကို ငွေကျပ် ၃၈ ဒသမ ၁ သန်း ထုတ်ချေးခဲ့သည်။

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းမတည်ရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**



# မြဝတီမြို့နယ် အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဩဂုတ် ၂၀**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရေရှည်အောင်မြင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပဉ္စမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ အသင်းသား ၅၄ ဦးကို ငွေကျပ် ၄၁ သန်း ထုတ်ချေးထားကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ဘိုဘို**

## ဂန္ထဝင်ပန်းတို့ ပွင့်လန်းစို့

- အမှန်ပင် စာပေအလင်း
ဖြာဝေသင်း ဂန္ထဝင်ကဗျာ၊
ကဗျာချို ထံတျာတေးရယ်က
ရင်အေးစေတာ၊
ကဗျာပန်းတို့ လင်းလက်ရာ
ဝါသနာ ထင်သာပြ၊
ရှေးမူဟန် မတိမ်းစောင်းအောင်ပ
ထိန်းကျောင်းမယ်ဗျ။

- တေးကဗျာ ရေးခြယ်သ
တွေးမယ်အလှ ကြံထွင်၊
နဘေယံ ထက်အစွမ်း
လက်ကမ်းအစဉ်၊
နရီဖွဲ့လို့ တန်ဆာဆင်
အလှဂုဏ်အင် ခေါင်နန်း၊
မသွေမှန် ဖူးပွင့်လျက်
အထက်စခန်း။

- ဂန္ထဝင် ကဗျာပန်းတို့
ပွင့်လန်းဖို့ ကြံဆောင်မယ်၊
ဘိုးဘွားအမွေ လက်ဆင့်ကမ်း
ရွက်ထမ်းလို့ရယ်၊
ဗဟုသုတ အသွယ်သွယ်
အသိဉာဏ်ကြွယ် အလင်းပေး၊
ကောင်းဖြိုးနရီ သင်းပျံ့လှိုင်းနှင့်
တုနှိုင်းဖွယ်ရေး။

- မရိုးစေ ဉာဏ်အတွေးဖြင့်
ရနံ့မွှေး သင်းကြူကြူ၊
ကဗျာဟူ သုခုမဖို့
နှလုံးသားဖြူ၊
အေးချမ်းခြင်း အကြည်ဓာတ်ကူ
တူမတူ မူကွဲပြား၊
ကောင်းကျိုးတည် ကဗျာဓာတ်ရယ်က
ကြောင်းကျိုးညီ အနာဂတ်မှာဖြင့်
ဂုဏ်ဒြပ်ဝင့်ကြွား။ ။

**ရျာန်လေး(ပညာရေး)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# တိုင်းပြည်ကာကွယ်ရေးအတွက် ဒုံးကျည်တိုးမြှင့်ထုတ်လုပ်မည့် မြောက်ကိုရီးယား



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် အကြီးစားလက်နက်စက်ရုံများသို့ သွားရောက်စစ်ဆေးပြီး ဒုံးကျည်များနှင့် အခြားလက်နက်ခဲယမ်းများကို အရှိန်မြှင့်တင်ထုတ်လုပ်သွားရန် ညွှန်ကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများက ဩဂုတ် ၁၄ ရက်တွင် ဖော်ပြခဲ့သည်။ အမေရိကန်နှင့် တောင်ကိုရီးယား စစ်ဘက်ကလည်း မြောက်ကိုရီးယား၏ နျူကလီးယား ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရေးအတွက် လာမည့် သတင်းပတ်အတွင်း အကြီးစားစစ်ရေးလေ့ကျင့်မှု များ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

လက်နက်တိုးမြှင့်ထုတ်လုပ်ရေးအတွက် ကင်ဂျုံအန်၏ တိုက်တွန်းချက်နှင့်စပ်လျဉ်း၍ အမေရိကန် တာဝန်ရှိသူများက မကြာသေးမီက ရုရှားကာကွယ်ရေးဝန်ကြီးသည် မြောက်ကိုရီးယားနှင့် ဆွေးနွေးပြီးနောက် ယူကရိန်းပဋိပက္ခတွင် အသုံးပြုရန်လိုအပ်သော လက်နက်ခဲယမ်းများ ရောင်းချပေးရန် ဆွေးနွေးခဲ့ဖွယ်ရာရှိကြောင်း သုံးသပ်ထားသည်။

ကင်ဂျုံအန်သည် နည်းဗျူဟာမြောက်ဒုံးကျည်များ၊ ရွေ့ပြောင်းပစ်ခတ်ရေးဒုံးစင်များ၊ သံချပ်ကာယာဉ်များ၊ အမြောက်ကျည်များ ထုတ်လုပ်နေသောစက်ရုံများသို့ ဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက်တွင် သွားရောက်ခဲ့ပြီး ဩဂုတ်လအစောပိုင်းကလည်း အခြားစက်ရုံများသို့ သွားရောက်စစ်ဆေးခဲ့သည်။ ဒုံးကျည်စက်ရုံတစ်ခုသို့ရောက်ရှိစဉ် ကင်ဂျုံအန်က ရှေ့တန်းစစ်ဆင်ရေးတပ်ဖွဲ့များတွင် လိုအပ်သောခဲယမ်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဒုံးကျည်များအစုလိုက်အပြုံလိုက် ထုတ်လုပ်နိုင်သည်ထိ စက်ရုံများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

တိုက်ပွဲဝင်အသင့်ဖြစ်မှု အဆင့်အတန်းသည် ခဲယမ်းစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မူတည်ကြောင်း၊ လက်နက်ခဲယမ်းစက်ရုံများသည် မြောက်ကိုရီးယားတပ်မတော်၏ စစ်ရေးပြင်ဆင်မှု အရှိန်မြှင့်တင်ရာတွင် များစွာအရေးပါသောတာဝန် များ ထမ်းဆောင်လျက်ရှိကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

အခြားစက်ရုံများသို့ သွားရောက်စစ်ဆေးရာတွင်လည်း ကင်ဂျုံအန်က ခေတ်မီဒုံးကျည်တင်ထရပ်ကားများ ပိုမိုတည်ဆောက်သွားရန် လိုအပ်ကြောင်းနှင့် အကြီးစားဘက်စုံသုံး ရော့ကတ်လောင်ချာပစ်ကျည်များကိုလည်း တိုးမြှင့်ထုတ်လုပ်သွားရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့ပြီး ဘက်စုံသုံးတိုက်ပွဲဝင် သံချပ်ကာယာဉ်ကို မောင်းနှင်ခဲ့သည်။

ကင်ဂျုံအန်သည် ၂၀၁၉ ခုနှစ်တွင် ဒေါ်နယ်ထရန့်နှင့် နျူကလီးယားဆွေးနွေးပွဲများပျက်ပြယ်ပြီးနောက် နျူကလီးယားနှင့် ဒုံးကျည်များ အရှိန်မြှင့်တင်ထုတ်လုပ်သွားရန် အလေးထားဆောင်ရွက်လာခဲ့သည်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ကင်ဂျုံအန်၏စစ်ဘက်သည် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုအကြိမ် ၁၀၀ ကျော်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်နေမှုကို သတိပေးသောအားဖြင့် ဒုံးကျည်ပစ်ခတ်မှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ကင်ဂျုံအန်အနေဖြင့် ခေတ်မီလက်နက်များတည်ဆောက်ခြင်း၏အဓိက ရည်မှန်းချက်သည် အမေရိကန်နှင့်ဆွေးနွေးမှုများ လုပ်ဆောင်ချိန်တိုင်းတွင် မြောက်ကိုရီးယားအပေါ် ပိတ်ဆို့မှုများကို အမေရိကန်က လိုက်လျောဖြေလျှော့ပေးရန်ဖြစ်ကြောင်း သုံးသပ်သူများက ပြောဆိုလျက်ရှိသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့အနေဖြင့် ဩဂုတ် ၂၁ ရက်မှစ၍ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည့်အတွက် မြောက်ကိုရီးယားအနေဖြင့် မကြာမီအချိန်အတွင်း စစ်ရေးလေ့ကျင့်မှုများ ပိုမိုလုပ်ဆောင်သွားနိုင်ပေသည်။ မြောက်ကိုရီးယားက တောင်ကိုရီးယား-အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ရန်စကျူးကျော်မှုအတွက် လေ့ကျင့်နေခြင်းဖြစ်သည်ဟု ပြောဆိုလျက်ရှိသည်။ သို့သော် မဟာမိတ်အဖွဲ့ကမူ မြောက်ကိုရီးယားကို ကျူးကျော်တိုက်ခိုက်ရန်ရည်ရွယ်ချက်မရှိကြောင်း အခိုင်အမာပြောဆိုလျက်ရှိသည်။

မြောက်ကိုရီးယားအနေဖြင့် ရင်ဆိုင်ကျော်လွှားနိုင်သည့် တပ်မတော်ရှိရမည်ဖြစ်ကြောင်းနှင့် ၎င်း၏ ရန်သူများကို အမြစ်ပြတ်ချေမှုန်းနိုင်သည့် စွမ်းအားရှိပြီး စစ်ပွဲမှန်သမျှကို ဆင်နွှဲနိုင်သည်အထိ အပြည့်အဝ ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ကင်ဂျုံအန်က ပြောဆိုခဲ့ကြောင်း KCNA သတင်းဌာနက ဖော်ပြခဲ့သည်။

Ulchi Freedom Shield(UFS)ဟု ခေါ်ဆိုသည့် တောင်ကိုရီးယား-အမေရိကန် ပူးတွဲစစ်ရေး လေ့ကျင့်မှုသည် ကွန်ပျူတာထိန်းချုပ်သဏ္ဌာန်တူ ကွပ်ကဲမှု လေ့ကျင့်မှုပင်ဖြစ်သည်။ ယခုနှစ် ပူးတွဲ စစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၂၁ ရက်မှ ၃၁ ရက် ထိပြုလုပ်သွားရန်စီစဉ်ထားသည်။ ထို့ပြင် အကြီးစား မြေပြင်စစ်ရေးလေ့ကျင့်မှုများကိုလည်း လုပ်ဆောင် သွားမည်ဖြစ်ကြောင်း မဟာမိတ်အဖွဲ့က ထပ်လောင်း အတည်ပြုပြောကြားခဲ့သည်။

တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်ရုံးပြောရေး ဆိုခွင့်ရှိသူ လီဆွန်ဂျွန်းက ယခုနှစ် ပြုလုပ်သော UFS စစ်ရေးလေ့ကျင့်မှုများသည် မဟာမိတ်အဖွဲ့များ၏ တုံ့ပြန်တိုက်ခိုက်နိုင်မှု စွမ်းဆောင်ရည်မြှင့်တင်ရန်ရည် ရွယ်ထားကြောင်း၊ ထိုသို့လေ့ကျင့်ရာတွင် မြောက် ကိုရီးယား၏နျူကလီးယားနှင့်ဒုံးကျည်စွမ်းဆောင်ရည် များအပြင် ဒေသတွင်းအခြားသောလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ဖော်ညွှန်းသည့် စစ်နယ်ဝန်းများ ကို အခြေခံလျက် တုံ့ပြန်နိုင်သည့် စစ်ရေးလေ့ကျင့်မှု များ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။ အလားတူ အမေရိကန်စစ်ဘက်မှ ပြောရေး ဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးတေလာကလည်း စစ်ရေး လေ့ကျင့်မှုများသည် ပြင်းထန်ပြီးလက်တွေ့လေ့ကျင့် ခန်းများဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဆာဂျီရှိုဂူသည် မြောက် ကိုရီးယားခရီးစဉ်အတွင်း မြောက်ကိုရီးယားခေါင်း ဆောင်များကို ယူကရိန်းပဋိပက္ခအတွက် မော်စကိုသို့ လက်နက်ခဲယမ်းများတိုးမြှင့်ရောင်းချပေးရန် ပြောဆို ခဲ့သည်ဟု အမေရိကန်ထောက်လှမ်းရေးအေဂျင်စီက သတင်းရရှိထားကြောင်း ယခုလအစောပိုင်းတွင် အိမ်ဖြူတော်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရုရှားသို့ အမြောက်ကျည်များနှင့်ခဲယမ်းများ တင်ပို့ခဲ့သည်ဆို သော အမေရိကန်၏ပြောဆိုမှုများကို မြောက်ကိုရီး ယားက ပယ်ချခဲ့သည်။ မြောက်ကိုရီးယားသည် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ရုရှားကိုပေါ်ပေါ်တင် တင်ထောက်ခံလျက်ရှိသည့်အပြင် ရုရှားသိမ်းပိုက်ထား သော ယူကရိန်းနယ်မြေများတွင် ပြန်လည်တည် ဆောက်ရေးလုပ်ငန်းများလုပ်ဆောင်ရာ၌ အလုပ် သမားများ စေလွှတ်ကူညီသွားမည်ဖြစ်ကြောင်း အရိပ်အမြွက်ပြောဆိုလျက်ရှိသည်။

ကင်ဂျုံအန်သည် ၎င်း၏နျူကလီးယားအစီအစဉ် အပေါ် အမေရိကန်ဦးဆောင်သောဖိအားပေးမှုများ နှင့် ကိုဗစ်-၁၉ အလွန် စီးပွားရေးအကျပ်အတည်း များ ရင်ဆိုင်နေရသည့်အချိန်တွင် တရုတ်၊ ရုရှားတို့နှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်တည်ဆောက်ရန်ကြိုးပမ်း လျက်ရှိသည်။

မြောက်ကိုရီးယား၏ အရှေ့ပိုင်းဒေသရှိ လယ်ယာ မြေ ၄၉၄ ဧကခန့်သည် ခါနွန်အပူပိုင်းမုန်တိုင်း ကြောင့် ရေနစ်မြုပ်ခဲ့ရကြောင်း KCNA သတင်းဌာန က ဩဂုတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ကင်ဂျုံအန်သည် မုန်တိုင်းဒဏ်သင့်ဒေသများသို့ သွား ရောက်ပြီး ကောက်ပဲသီးနှံများဆုံးရှုံးမှုမဖြစ်ပွားစေရေး ချက်ချင်းဆောင်ရွက်သွားရန်နှင့် လယ်ယာမြေများ ရေနစ်မြုပ်မှုမဖြစ်စေရန်အတွက် ကြိုတင်စီမံဆောင် ရွက်မှုမရှိသော ဒေသဆိုင်ရာအာဏာပိုင်များကိုလည်း ပြစ်တင်ပြောဆိုခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ရေကြီးရေလျှံခြင်းနှင့် မိုးခေါင်ရေရှားခြင်းကဲ့သို့သော သဘာဝဘေးနှင့် ဆက်နွှယ်သော သဘာဝဘေးအန္တရာယ်များကြုံတွေ့ ရလေ့ရှိသည်။ ကပ်ရောဂါကျရောက်မှုများ၊ နိုင်ငံပိုင် စက်ရုံများမှ စားနပ်ရိက္ခာထုတ်လုပ်ရာတွင် လုံလောက် မှုမရှိခြင်း၊ တစ်ဦးချင်းဝင်ငွေကျဆင်းလာခြင်းစသည့် အကြောင်းတရားများကြောင့် မြောက်ကိုရီးယားနိုင်ငံ တွင် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုပိုမိုဆိုးရွားလာ ကြောင်း လေ့လာသုံးသပ်သူများက ပြောဆို လျက်ရှိသည်။

**❖ ကင်ဂျုံအန်သည် နည်းဗျူဟာမြောက်ဒုံးကျည်များ၊ ရွေ့ပြောင်းပစ်ခတ်ရေးဒုံးစင်များ၊ သံချပ်ကာယာဉ်များ၊ အမြောက်ကျည်များ ထုတ်လုပ်နေသောစက်ရုံများသို့ ဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက်တွင် သွားရောက်ခဲ့ပြီး ဩဂုတ်လအစောပိုင်းကလည်း အခြားစက်ရုံများသို့ သွားရောက်စစ်ဆေးခဲ့သည်။ ဒုံးကျည်စက်ရုံတစ်ခုသို့ရောက်ရှိစဉ် ကင်ဂျုံအန်က ရှေ့တန်းစစ်ဆင်ရေးတပ်ဖွဲ့များတွင် လိုအပ်သောခဲယမ်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဒုံးကျည်များအစုလိုက်အပြုံလိုက်ထုတ်လုပ်နိုင်သည်ထိ စက်ရုံများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။ ❖**

**ကိုးကား**

- **North Korea's Kim Orders Sharp Increase in Missile Production, Days Before South Korea- US Drills**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ကံမမြို့နယ် ဇီးဖြူကွင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက သာဇီကျေးရွာအုပ်စု ဇီးဖြူကွင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံ ငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထ အကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေထုတ် ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုး ဆပ်ကာလ၊ အရင်းဆပ်ကာလနှင့်အတိုးနှုန်း သတ်မှတ်ချက်များ၊ ကျေးရွာသူ၊ ကျေးရွာ သားများ လိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန် ပုံငွေစီမံကိန်းကော်မတီဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၂၅ ဒသမ ၈ သန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များက ဇီးဖြူကွင်း ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ် ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၅ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက လုပ်ကွက်ငယ် တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ် သော ငွေကြေးအရင်းအနှီးရရှိစေရန်၊ ရရှိ လာသော အရင်းအနှီးဖြင့် မိသားစုဝင်ငွေ တိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာပိုင်ရန်ပုံငွေထူထောင်၍ စဉ်ဆက် မပြတ် ငွေကြေးအရင်းအမြစ်ရရှိစေရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင် ရွက်နိုင်ရန် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ပြောပြ၍ သိရသည်။

**ယဉ်လေး**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ပမှ အဝယ်သွက်နေသဖြင့် ကြက်သွန်နီဈေးကွက်သွက်လက်လှုပ်ရှားနေ



**ရန်ကုန် ဩဂုတ် ၂၀**

ပြည်ပမှအဝယ်သွက်နေသဖြင့် ကြက်သွန်နီဈေးကွက်သွက်လက်လှုပ်ရှားနေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ကြက်သွန်နီကို ပြည်နယ်နှင့် တိုင်းဒေသကြီးနေရာဒေသအသီးသီးတွင် စိုက်ပျိုးနေသော်လည်း ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ ကြက်သွန်နီများကို ပြည်တွင်းဈေးကွက်များအပြင် ပြည်ပသို့ တင်ပို့ရောင်းချပေးနေကြောင်း၊ သို့သော် ပြည်ပဝယ်လက်အဝယ်မသွက်သဖြင့် ဈေးကွက်အနည်းငယ်အေးနေရာမှ ဩဂုတ်လ ပထမပတ်မှစ၍ ပြည်ပမှ ပြန်လည် အဝယ်သွက်လာကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်းကြက်သွန်နီဈေးကွက် ပြန်လည်သွက်လက်လှုပ်ရှားလာကာ ဈေးနှုန်းများလည်း မြင့်တက်လာခဲ့ကြောင်း၊ ကြက်သွန်နီဈေးနှုန်းများမှာ ယခင်က တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ အောက်သာရှိခဲ့ရာမှ ဩဂုတ်လ ပထမပတ်က တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ အထက်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း၊ ဩဂုတ် ၁၈ ရက်က ပင်ရင်းဒေသများ၌ ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ နှင့် ပွဲရုံဈေးကွက်များတွင် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

ကြက်သွန်နီများကို တရုတ်နိုင်ငံသို့ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ တင်ပို့ရောင်းချပေးနေပြီး ဗီယက်နမ်နိုင်ငံသို့ ထိုင်းနိုင်ငံမှတစ်ဆင့်တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ ဩဂုတ် ၇ ရက်မှ ၁၃ ရက်ထိ တစ်ပတ်အတွင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃၄ သန်းတန်ဖိုးရှိ ကြက်သွန်နီ တန်ချိန် ၂၆၇၇ ဒသမ ၆၂ တန် တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

ထို့အတူ ဩဂုတ် ၅ ရက်မှ ၁၁ ရက်ထိ တစ်ပတ်အတွင်း တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၁၅ တန်တင်ပို့ရောင်းချပေးခဲ့ရကြောင်း၊ ကြက်သွန်နီများကို နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ရောင်းချပေးရာတွင် ကြက်သွန်နီ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၆ ဒသမ ၆၆၆ ဒေါ်လာ ပေါက်ဈေးရှိကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။ (၃၃၆)

# ကြာအင်းဆိပ်ကြီးမြို့နယ် ဝါးဘိုကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၂၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝါးဘိုကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်နိုင်ရန် မြေပြင်အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟိန်းမင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး စက်ရေတွင်းတူးဖော်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ဝါးဘိုကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကျယ်လေးလက်မ၊ အနက် ပေ ၂၀၀ စက်ရေတွင်း တစ်တွင်း၊ အမြင့် ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ ရေစင်နှင့် ရေစက်ရုံအောက်ခန်းဖွဲ့ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၂၀ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းက ပြောပြ၍ သိရသည်။

**ကိုသက်**

ပလင်ါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ကံ၊ ဉာဏ်၊ ဝီရိယပြည့်စုံမှ ကြီးပွားချမ်းသာရ

**ရွှေညာ(ရွာတန်းရှည်)**

လူသားတစ်ဦး ကြီးပွားချမ်းသာရန်ဆိုသည်မှာ ကံ၊ဉာဏ်၊ ဝီရိယ သုံးပါးနှင့် ပြည့်စုံမှသာဖြစ်နိုင်သည်။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးဆိုသည်မှာ လူတိုင်းကိုယ်စီပိုင်ဆိုင်ထားသည့်အရာဖြစ်သည်။ သို့သော် ထိုသုံးပါးစလုံးသည် လူတိုင်းအတွက် အချိုးကျပါဝင်တူညီနိုင်မည်ကား မဟုတ်ပေ။ ထို့ကြောင့်လည်း ဘဝအမျိုးမျိုး၊ အခြေအနေအမျိုးမျိုး ကွဲပြားနေရခြင်းဖြစ်သည်။ တချို့က ကံကောင်းသည်။ တချို့က ဉာဏ်ကောင်းသည်။ တချို့က ဝီရိယကောင်းသည်။ ထိုသုံးမျိုးတွင် တစ်ပါးပါးချွတ်ယွင်းနေလျှင် ကံကောင်းသလောက် အောင်မြင်မည်မဟုတ်ပါ။ ဉာဏ်ကောင်းသလောက် ကျော်ကြားမည်မဟုတ်ပါ။ ဝီရိယကောင်းသလောက် ရွှေ့ရောက်မည်မဟုတ်ပါ။ ထိုသုံးပါးစလုံး အချိုးကျပါဝင်ပေါင်းစပ်ထားမှသာ အအောင်မြင်ဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်နိုင်သည်။

ကံဆိုသည်မှာ အတိတ်ကပါလာသည့် အရင်းသာဖြစ်သည်။ တချို့မှာ ကောင်းကံပါလာကြသည်။ တချို့မှာ မကောင်းကံပါလာကြသည်။ မိမိတို့၏ အတိတ်ဘဝက ကာယကံဖြင့် ပြုလုပ်ခဲ့သည့်အတိုင်း၊ ဝစီကံဖြင့်ပြောဆိုခဲ့သည့်အတိုင်း၊ မနောကံဖြင့်ကြံစည်ခဲ့သည့်အတိုင်း ပါလာခြင်းဖြစ်သည်။ ကောင်းသည့်ကာယကံ၊ ကောင်းသည့်ဝစီကံ၊ ကောင်းသည့်မနောကံများပြုလုပ်ခဲ့လျှင် ကောင်းကံများပါလာမည်။ မကောင်းသည့်ကာယကံ၊ မကောင်းသည့်ဝစီကံ၊ မကောင်းသည့်မနောကံများပြုလုပ်ခဲ့လျှင် မကောင်းကံများပါလာမည်။ မကောင်းကံများကိုပြုလုပ်ခဲ့ပြီး ကောင်းကံကိုလိုချင်၍ မရနိုင်သကဲ့သို့ မကောင်းကံကိုလည်း ငြင်းပယ်၍ မရနိုင်ပါ။

လူချင်းတူသော်ငြား တချို့က မြို့တွင်မွေးဖွားပြီး တချို့က တောရွာတွင် မွေးဖွားခဲ့ကြသည်။ တချို့က ပိုက်ဆံရှိအသိုင်းအဝိုင်းတွင် မွေးဖွားပြီး တချို့က ဆင်းရဲသည့်အသိုင်းအဝိုင်းတွင် မွေးဖွားခဲ့ကြသည်။ ဤသည်မှာ အတိတ်ကံမတူသောကြောင့်ဖြစ်သည်။ ကံဆိုသည်မှာ မိမိပြုခဲ့၊ ပြောခဲ့သည့် အတိတ်ကစေတနာကိုဆိုလိုသည်။ ထိုအတိတ်ကံကို အတိတ်ဘဝက မိမိကိုယ်တိုင်ပြုလုပ်ခဲ့ပြီး၊ ပြောခဲ့ပြီးဖြစ်သောကြောင့် ပြန်လည်ပြုပြင်၍မရနိုင်တော့ပါ။ သို့သော် ဆင်းရဲသည့်အသိုင်းအဝိုင်းတွင်မွေးသောသူသည် ထိုအတိတ်ကံကြောင့် တစ်သက်လုံး ဆင်းရဲနေမည်ဟုမဆိုလို။ ဉာဏ်နှင့် ဝီရိယကိုအသုံးပြု၍ ကြီးပွားချမ်းသာနိုင်ပေသည်။ ဉာဏ်နှင့်ဝီရိယသည် ပစ္စုပ္ပန်တည့်တည့် အကျိုးစီးပွားဖြစ်ထွန်းရန်အတွက်ဖြစ်သည်။ ကံကပေးထားသည့် ရှိရင်းအရင်းထက်သာ၍ တိုးပွားစေရန်မှာ ဉာဏ်နှင့် ဝီရိယတို့ကသာ အဓိကကျလေသည်။ လူသားတစ်ဦး၏ စီးပွားဥစ္စာတိုးတက်မှု၊ ဆုတ်ယုတ်မှု၊ အသက်ရှည်စွာနေရမှု၊ မနေရမှု၊ ချမ်းသာသုခနှင့်ပြည့်စုံစွာနေရမှု၊ မနေရမှု စသည်မှာ ဉာဏ်နှင့် ဝီရိယ နှစ်ပါးတို့၏ လုံ့လပယောဂကြောင့်ဟု မှတ်ယူရပေမည်။ မဃဒေဝလင်္ကာသစ်၌-

"ကံကိုမူလ၊ သမ္ဘဝတို့
ဟောပြသည်မှာ၊ အရင်းသာရှင့်
ဥစ္စာဘောဂ၊ ဇီဝိတနှင့်
သုခပွားရန်၊ ဤလူ့ဌာန်၌
ဉာဏ်ဝီရိယ၊ ပယောဂတည့်" ဟုစပ်ဆိုထားသည်။

လူတို့သည် ပုထုဇဉ်ဖြစ်သည့်အားလျော်စွာ အောင်မြင်မှုမရသည့်အခါ၌ ကံကိုသာအပြစ်ပုံချတတ်လေသည်။ ကြီးပွားချမ်းသာသူကို တွေ့ရသည့်အခါ ကံကောင်းသူဟုမြင်တတ်ကြပြီး ဆင်းရဲသူကို တွေ့ရသည့်အခါ ကံဆိုးသူဟု မြင်တတ်ကြသည်။ ကံကိုပဲ အားကိုးရာဟု ထင်မှတ်မိရာမှ ကောင်းလည်းကံ၊ မကောင်းလည်းကံဟု သဘောထားကာ ဉာဏ်နှင့် ဝီရိယဘက်၌ အားပျော့သွားတတ်သည်။ ၎င်းကိုပင် မဃဒေဝလင်္ကာသစ်၌-

"လုံ့လမထူ၊ ဉာဏ်မကူဘဲ
အယူတချောင်း၊ ကံတကြောင်းမျှ
မကောင်းလည်းကံ၊ ကောင်းလည်းကံဟု
ကံကိုချည်းသာ၊ မကိုးရာဘူး
ပညာဉာဏ်ဖြင့်၊ သင့် မသင့်ကို
အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွတည့်"ဟု

စပ်ဆိုထားသည်။

အတိတ်ကံကောင်း၍ အများတကာထက် ချမ်းသာစွာနေရသော်လည်း ဉာဏ်နှင့်ဝီရိယမရှိလျှင် လူ့ဘဝသက်တမ်းတစ်လျှောက်လုံး အမြဲတမ်းချမ်းသာနေလိမ့်မည်မဟုတ်ပါ။ ထိုကိုရည်ရွယ်၍ မဃဒေဝလင်္ကာသစ်၌-

"ကံကိုယုံ၍၊ မီးပုံအတွင်း
မဆင်းထိုက်စွာ၊ ကျားရဲရာလည်း
ကြမ္မာအကြောင်း၊ မရှိးကောင်းရှင့်
သူဟောင်းရှေးက၊ ဆိုကုန်ကြ၏"ဟု စပ်ဆိုထားပေသည်။

> ❖ ကံဆိုသည်မှာ မိမိပြုခဲ့၊ ပြောခဲ့သည့် အတိတ်ကစေတနာကို ဆိုလိုသည်။ ထိုအတိတ်ကံကို အတိတ်ဘဝက မိမိကိုယ်တိုင်ပြုလုပ်ခဲ့ပြီး၊ ပြောခဲ့ပြီးဖြစ်သောကြောင့် ပြန်လည်ပြုပြင်၍မရနိုင်တော့ပါ။ သို့သော် ဆင်းရဲသည့်အသိုင်းအဝိုင်းတွင်မွေးသောသူသည် ထိုအတိတ်ကံကြောင့် တစ်သက်လုံး ဆင်းရဲနေမည်ဟုမဆိုလို။ ဉာဏ်နှင့် ဝီရိယကိုအသုံးပြု၍ ကြီးပွားချမ်းသာနိုင်ပေသည်။ ဉာဏ်နှင့်ဝီရိယသည် ပစ္စုပ္ပန်တည့်တည့် အကျိုးစီးပွားဖြစ်ထွန်းရန်အတွက်ဖြစ်သည်။ ကံကပေးထားသည့် ရှိရင်း အရင်းထက်သာ၍ တိုးပွားစေရန်မှာ ဉာဏ်နှင့် ဝီရိယတို့ကသာ အဓိက ကျလေသည်။ ❖

အတိတ်ကံမကောင်း၍ မျက်နှာငယ်ဆင်းရဲနေရသော်လည်း ထိုဆင်းရဲဒုက္ခကို ထာဝရပိုင်ဆိုင်နေရမည်ဟု စိတ်ဓာတ်ကျ၍ ညည်းညူမနေသင့်ပါ။ ပစ္စုပ္ပန်တည့်တည့်၌ရှိသော ဉာဏ်နှင့် ဝီရိယကို အသုံးပြု၍ ကြီးပွားချမ်းသာနိုင်ပါသည်။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးစလုံး ဟန်ချက်ညီမှ အောင်မြင်ပေါက်ရောက်မည်ဟုဆိုရာ၌ အတိတ်ကံကိုမဆိုလို။ ယခုမျက်မှောက်ပစ္စုပ္ပန်ကံကိုသာ ဆိုလိုရင်းဖြစ်သည်။ လက်ရှိဘဝ၌ ကံမကောင်းဘူးဟု ထင်မြင်ယူဆထားသူများသည် ကောင်းသည့်အလုပ်ကို ပြုလုပ်ခြင်း၊ ကောင်းသည့်စကားကို ပြောဆိုခြင်း၊ ကောင်းသည့်အကြံအစည်များကို ပြုလုပ်ခြင်းဖြင့် ကောင်းသည့်ကံကို ထူထောင်နိုင်သည်။

ဉာဏ်ပညာဆိုသည်မှာ အလွန်အရေးပါသည်။ လွယ်လွယ်ပြောရလျှင် လေ့လာသင်ယူခြင်းနှင့် ဗဟုသုတရှာမှီးခြင်းပင်ဖြစ်သည်။ လေ့လာသင်ယူခြင်းမှတစ်ဆင့် ကြောင်းကျိုးဆင်ခြင်မှုကိုရရှိနိုင်သည်။ ကြောင်းကျိုးဆင်ခြင်နိုင်သော ဉာဏ်ပညာရှိမှသာ လောကီစီးပွားဥစ္စာရှာရာ၌ လွယ်ကူနိုင်သည်။

"ပကာရတော ဇာနာတီတိ ပညာ" ဟူသော ဝစနတ္ထအရ အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အထူးထူးအပြားပြား ခွဲခြားစိတ်ဖြာဝေဖန်၍ တတ်သိနားလည်သည့်ဉာဏ်ကို ပညာဟုဆိုလိုသည်။ ဉာဏ်ပညာသည် အစစ်နှင့်အတု နှစ်မျိုးရှိသည်။ ဗဟုသုတဉာဏ်၊ စာပေကျမ်းဂန်ကို တတ်သိနားလည်သောဉာဏ်၊ ကံကံ၏အကျိုးကို သိသောဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တို့သည် ဉာဏ်အစစ်ဖြစ်သည်။ သူတစ်ပါးကိုလှည့်စားတတ်သောဉာဏ်၊ ကလိမ်ကကျစ်ဉာဏ်၊ မာယာဉာဏ်၊ ပရိယာယ်ဉာဏ်တို့သည် ပညာဉာဏ်အတုများဖြစ်ကြသည်။ ကံ၊ ဉာဏ်၊ ဝီရိယဟုဆိုရာ၌ ဉာဏ်အစစ်ကိုသာဆိုလိုသည်။ ဉာဏ်အတုဖြင့် အောင်မြင်မှုမရနိုင်သည်ကို သတိချပ်သင့်၏။

ဝီရိယဆိုသည်မှာ ကံနှင့်ဉာဏ်တို့၏ ညံ့ဖျင်းမှုကြောင့် လဲပြိုတော့မည့်ဘဝတစ်ခုကို ထောက်ကန်ပေးသည့် ထောက်တိုင်ပင်ဖြစ်၏။ မဇ္ဈိမဒေသ အဋ္ဌကထာ၌ "ဝီရိယဆိုသည်မှာ ဆွေးမြည့်အိုမင်းကာ ယိုင်လဲတော့မည့်အိမ်အိုကို မယိုင်လဲအောင် ကျားကန်ပေးထားသည့်တိုင်နှင့်တူသည်"ဟု ပြဆိုထားပေသည်။

တစ်ခါက သိပ္ပံပညာရှင် သောမတ်အက်ဒီဆင်ကို သတင်းစာဆရာတစ်ဦးက "ဆရာ့အောင်မြင်မှုဟာ ဆရာရဲ့ကံကြောင့်ပဲလား"ဟု မေးခဲ့ဖူးသည်။ သတင်းစာဆရာတစ်ဦးမေးသောမေးခွန်းကို အက်ဒီဆင်ကပြုံးပြီး "ကံမို့လို့ ကျုပ်အောင်မြင်တာမဟုတ်ဘူး။ ကျုပ်အောင်မြင်မှုရဲ့ အကြောင်းတရားကို ရှာကြည့်မယ်ဆိုရင် ဉာဏ်က တစ်အောင်စလောက်ပါပြီး ဝီရိယက တစ်တန်လောက်ပါတယ်"ဟု အဖြေပေးခဲ့ဖူးသည်။

လောကနီတိ၌ ပျင်းရိသောသူအား အတတ်ပညာမရှိ၊ အတတ်ပညာမရှိသောသူအား ဥစ္စာဓနမရှိ၊ ဥစ္စာဓနမရှိသောသူအား မိတ်ဆွေမရှိ၊ မိတ်ဆွေမရှိသောသူအား ချမ်းသာသုခမရှိ၊ ချမ်းသာသုခမရှိသောသူအား နိဗ္ဗာန်မရနိုင်ဟု ပြဆိုထားသည်။ ပျင်းရိသူဆိုသည်မှာ ဝီရိယမရှိသောသူကို ဆိုလိုသည်။ ဝီရိယမရှိသောသူသည် အတတ်ပညာနှင့် ဥစ္စာဓနမရှိနိုင်သကဲ့သို့ မိတ်ဆွေစစ်လည်း ရှိမည်မဟုတ်ပါ။

ဂေါတမဗုဒ္ဓရှင်တော်မြတ်ဘုရားသည်ပင် ဝီရိယပါရမီကို ဖြည့်ကျင့်တော်မူပြီးမှ ဘုရားဖြစ်လာသည့် ဝီရိယာဓိကဘုရားဖြစ်သည်။ ဘုရားဖြစ်ပြီးနောက် ဟောတော်မူသမျှ တရားတိုင်းတွင် အသိဉာဏ်ပညာရရန်သည် ပထမဖြစ်သည်။ သိသည့်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ရန်က ဒုတိယဖြစ်သည်။

ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၌ "ဝီရိယဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ"ဟု ဟောတော်မူခဲ့၏။ ဝီရိယရှိလျှင် ဘာမဆိုဖြစ်နိုင်သည်ဟု ဆိုလိုသည်။ ဝီရိယမရှိလျှင် စီးပွားရေး၊ ပညာရေး စသည့်အရေးအမျိုးမျိုး အောက်ကျနောက်ကျဖြစ်ကာ ကံပေးသည့်အရင်းတိုင်းသာ နေရပေမည်။

ဘုရားအလောင်းတော် မဟာဇနကမင်းသားသည် သင်္ဘောဖြင့်ခရီးထွက်ခဲ့ရာ ပင်လယ်ကိုဖြတ်ကူးစဉ် သင်္ဘောပျက်လေသည်။ သင်္ဘောပေါ်တွင် လူပေါင်းခုနစ်ရာပါသည်။ လူအားလုံး မကြိုးစားဘဲ မိမိတို့၏ ဆိုင်ရာနတ်ဘုရားများကို ဆုတောင်းရင်းဖြင့် အသက်အသေခံကြရရှာသည်။ မဟာဇနကမင်းသားသည် ရှိသည့်အားဖြင့် ပင်လယ်တွင်း၌ ခုနစ်ရက်လုံးလုံး လက်ပစ်ကူးကာ ကြိုးစားခဲ့သည်။ ခုနစ်ရက်မြောက်နေ့တွင် ပင်လယ်စောင့် မဏိမေခလာနတ်သမီး၏ ကယ်တင်မှုကိုရယူကာ အသက်ဘေးမှ လွတ်မြောက်ခဲ့လေသည်။

တစ်ခါက ဂင်္ဂါမြစ်အတွင်း၌ ငါးသုံးကောင်နေကြသည်။ တစ်ကောင်သည် ကံကိုအလွန်ယုံသည်။ တစ်ကောင်သည် ဉာဏ်ပညာရှိသည်။ တစ်ကောင်သည် ဝီရိယရှိသည်။ တစ်နေ့တွင် တံငါသည်တို့သည် ငါးဖမ်းရန်ရောက်ရှိလာကြပြီး ဂင်္ဂါမြစ်ကမ်း၌ ပိုက်ကွန်ကိုပြင်ဆင်ကြလေ၏။ ထိုအခါ ဝီရိယရှိသည့်ငါးသည် ပိုက်ကွန်ဘေးမှလွတ်ရန် ဝေးရာသို့ ထွက်ပြေးသွား၏။ တံငါသည်တို့သည် ပိုက်ကွန်ကို ပြင်ဆင်ပြီးနောက် မြစ်ထဲသို့ပစ်ချလိုက်ကြ၏။ ကံကိုအလွန်ယုံသည့်ငါးနှင့် ဉာဏ်ပညာရှိသော ငါးတို့သည် တံငါသည်တို့၏ ပိုက်ကွန်အတွင်းသို့ မိလေသည်။ ကံကိုအလွန်ယုံသောငါးသည် "ကံကောင်းရင်တော့ လွတ်မှာပဲ"ဟုတွေးပြီး ပိုက်ကွန်အတွင်း၌သာ အေးအေးဆေးဆေးနေသည်။ ဉာဏ်ရှိသောငါးသည် မလှုပ်မယှက်ငြိမ်သက်စွာဖြင့် သေချင်ယောင်ဆောင်နေ၏။ တံငါသည်တို့သည် ပိုက်ကွန်ကိုဖြန့်ရင်း ထိုငါးကို သေပြီထင်မှတ်ကာ မြစ်ကမ်းစပ်၌ ချထားလိုက်သည်။ သေချင်ယောင်ဆောင်သောငါးသည် အခွင့်ရေးရသည်နှင့်တစ်ပြိုင်နက် မြစ်အတွင်းသို့ ခုန်ဆင်းလိုက်လေသည်။ ဝီရိယရှိသောငါးနှင့် ဉာဏ်ရှိသောငါးတို့သည် အသက်ဘေးမှ လွတ်မြောက်သွားသော်လည်း ကံကိုသာယုံ၍ ဉာဏ်နှင့် ဝီရိယမရှိသောငါးသည် တံငါသည်၏ ပလိုင်းအတွင်း၌ အသက်ဆုံးရှုံးရလေသည်။ ဤပုံဝတ္ထုအရ ကံကိုချည်းယုံကာ ကံကိုချည်းပုံမချသင့်ကြောင်း ထင်ရှားလှ၏။ အောင်မြင်မှုဟူသည်မှာ ဉာဏ်နှင့် ဝီရိယပါမှသာ ရနိုင်သည့်အရာဖြစ်ကြောင်း သိနိုင်ပါသည်။

ကံ၊ ဉာဏ်၊ ဝီရိယကို ၁၀၀ ဖိုးပဲ ရင်းသောသူသည် ၁၀၀ ဖိုးပဲပြန်ရပါမည်။ ၁၀၀ တန် ကံ၊ ဉာဏ်၊ ဝီရိယကိုသာရင်းပြီး ၁၀၀ တန် ရချင်၍ မဖြစ်နိုင်။ လောကီလူသားတို့သည် ပုထုဇဉ်ဖြစ်သည့်အားလျော်စွာ အတိတ်ကံကို အကောင်းလား၊ အဆိုးလား မည်သူမျှမသိရှိနိုင်ကြပါ။ ထို့ကြောင့် အတိတ်ကံကိုစောင့်မျှော်မနေဘဲ လက်ရှိပစ္စုပ္ပန်၌ ကောင်းသောကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ထူထောင်ရပါမည်။ ကောင်းကံကိုလည်း မထူထောင်နိုင်၊ ဉာဏ်ပညာလည်းမရှိ၊ ဝီရိယလည်း မစိုက်ထုတ်နိုင်လျှင် အောင်မြင်မှုနှင့်ဝေးရမည်သာဖြစ်၏။ ထို့ကြောင့် လောကီအကျိုးစီးပွားအောင်မြင်မှုကိုဖြစ်စေ၊ လောကုတ္တရာအကျိုးစီးပွားအောင်မြင်မှုကိုဖြစ်စေ လိုလားတောင့်တသူတိုင်းသည် ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးကို ပြည့်စုံအောင် အရင်ဖြည့်ကျင့်ရပါမည်။ ထိုကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးပြည့်စုံမှလည်း ကြီးပွားချမ်းသာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **လောကနီတိကျမ်း။**
- **မဃဒေဝလင်္ကာသစ်။**
- **မဟာဇနကဇာတ်တော်။**

# နဂါးမောက်သီးအကြောင်း သိကောင်းစရာ

ပေါက်ပေါက်

အင်္ဂလိပ်လို Dragon Fruit လို့ အမည်ရတဲ့ နဂါးမောက်သီးရဲ့ ရုက္ခဗေဒအမည်မှာ Hylocereus Undatus ဖြစ်ပြီး မျိုးရင်းအမည်မှာ Cactaceae ဖြစ်ပါတယ်။ ရှင်သန်ပေါက်ရောက်ရာနေရာဒေသပေါ်မူတည်ပြီး Pitaya, Moonlovers, Night blooming Cereus, Strawberry Pear, Belle of the Night, Conderella Plant စသဖြင့် အမျိုးမျိုးခေါ်ဝေါ်ကြပါတယ်။ ရှားစောင်းလက်ပပ် အနွယ်ဝင် နဂါးမောက်သီးပင်တွေကို အပူပိုင်းနဲ့ အပူအအေးမျှဒေသတွေဖြစ်တဲ့ တောင်အမေရိကတိုက်နဲ့ မက္ကဆီကိုဒေသတွေမှာ စတင်တွေ့ရှိခဲ့ကြပါတယ်။ အချိန်ကာလရွေ့လျားလာတာနဲ့အမျှ အာရှနိုင်ငံတွေဖြစ်ကြတဲ့ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့မှာစီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး ကမ္ဘာသုံးအစားအစာသီးနှံတစ်မျိုးအဖြစ် စားသုံးနိုင်ကြပါပြီ။

မြန်မာပြည်ရဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်မှာ ၄နှစ်လလယ်ကကနေ နဂါးမောက်သီးတွေလှိုင်လှိုင်ထွက်လေ့ရှိပြီး နိုဝင်ဘာလလောက်ထိတွေ့ရပါတယ်။ ပင်းတယမြို့ကနေတစ်ဆင့် အောင်ပန်းမြို့၊ တောင်ကြီးမြို့၊ ရပ်စောက်မြို့၊ မန္တလေးနဲ့ ရန်ကုန်မြို့တွေကို တင်ပို့ရောင်းချကြပါတယ်။ ပြင်ဦးလွင်မြို့မှာလဲ နဂါးမောက်ပင်တွေကို စီးပွားဖြစ်စိုက်ပျိုးကြပါတယ်။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးဒေသထွက် နဂါးမောက်သီးတွေက အရည်အသွေးအလွန်ကောင်းမွန်ကြပါတယ်။ ဒ့ါပြင် မြန်မာနိုင်ငံ အရှေ့ဘက်အစွန်ဆုံးမြို့ဖြစ်တဲ့ မိုင်းယောင်းမြို့ကထွက်ရှိတဲ့ နဂါးမောက်သီးတွေကို တာလေ၊ မိုင်းဖြတ်မြို့တွေကတစ်ဆင့် တာချီလိတ်၊ ကျိုင်းတုံမြို့ထိ တင်ပို့ရောင်းချပါတယ်။

**စီးပွားဖြစ် နဂါးမောက်စိုက်ပျိုးခြင်း**

ရာသီစာသီးနှံတစ်မျိုးဖြစ်တာကြောင့် မိုးရာသီမှာ ပေါပေါများများတွေ့ရှိနိုင်ပါတယ်။ ဒါပေမဲ့ စိုက်ပျိုးရေးနည်းပညာတွေဆန်းသစ်လာတာနဲ့အမျှ နဂါးမောက်သီးကို မိုးရာသီတစ်မျိုးတည်းသာမက နွေရာသီမှာလဲ မြင်တွေ့နိုင်ပါတယ်။ နဂါးမောက်ပင်ကို မိုးရာသီမှာရေသွင်းဖို့မလိုပေမဲ့ နွေရာသီမှာ ရေသွင်းစိုက်ပျိုးရပါတယ်။ ရေသွင်းရင် ပိုမိုအောင်မြင်ဖြစ်ထွန်းပါတယ်။ နဂါးမောက်ပင်တွေက ရေကြိုက်ပေမဲ့ ရေဝပ်တာကို မနှစ်သက်ပါဘူး။ ပင်စည်ကနွယ်မျိုးဖြစ်ပြီး လေးလံတာကြောင့် ကွန်ကရစ်တိုင်တွေနဲ့ဖြစ်ဖြစ်၊ ခိုင်ခံ့တဲ့သစ်သားတိုင်နဲ့ဖြစ်ဖြစ်၊ သံကြိုးတန်းကာ တစ်ပင်ချင်းဖြစ်ဖြစ်၊ အတန်းလိုက်ဖြစ်ဖြစ် စင်ခံစိုက်ပျိုးပေးရပါမယ်။ နဂါးမောက်ပင်တွေက နယုန်လမှာ စတင်ဖူးပွင့်ပြီး ကဆုန်လမှာအသီးမှည့်လို့ စတင်ရောင်းချရပါတယ်။ ဖူးလိုက်၊ ပွင့်လိုက်၊ သီးလိုက်နဲ့ ကဆုန်လကနေ တန်ဆောင်မုန်းလရောက်မှပဲ နဂါးမောက်ရာသီပြီးဆုံးပါတယ်။

နဂါးမောက်ပင်ရဲ့ သဘောသဘာဝအားဖြင့် မြေသြဇာစားသုံးနိုင်မှု အခြေအနေမြင့်မားပြီး အပင်အမြစ်တွေကအောက်ခြေကို ရှစ်လက်မလောက် ဆင်းပါတယ်။ နဂါးမောက်ပင်ဟာ အလင်းရောင်ကို နာရီများစွာရရှိဖို့လိုအပ်ပြီး အလင်းရောင်ကောင်းစွာမရရှိရင် အပွင့်၊ အသီးမဖြစ်ထွန်းနိုင်ပါ။ လေဝင်လေထွက်ကောင်းရင် အသီးတွေလှိုင်လှိုင်ထွက်ရှိပါတယ်။ အလွန်အေးတဲ့ရာသီမှာ ကြက်ချေးနဲ့ ပုလဲဓာတ်မြေသြဇာကျွေးပြီး ရေသွင်းပေးတာ၊ ပူလွန်းတဲ့ရာသီမှာ ရေသွင်းပေးတာနဲ့ အပူကာဆောင်ရွက်တာတွေကို ပြုလုပ်ပေးရပါတယ်။

နဂါးမောက်ပင်ဟာ စတင်စိုက်ပျိုးရာမှာ ကုန်ကျစရိတ်များပြားပေမဲ့ တစ်နှစ်စိုက်ပျိုးထားရုံနဲ့ ၁၀ နှစ်ထိ အကျိုးအမြတ်များစွာရရှိတဲ့ နှစ်ရှည်သီးနှံပင်ဖြစ်ပါတယ်။ နွေရာသီမှာ အပင်အောက်ခြေကို နွားချေးထည့်ပေးရပြီး မှိုဆေးကိုပုံမှန်ဖျန်းပေးရပါတယ်။ နဂါးမောက်ပင်တွေကို နှစ်စဉ်အကိုင်းခုတ်ပေးရပါတယ်။ အဲဒီအကိုင်းတွေကို မြေပြင်မှာပြန်ပျိုးပြီး ပျိုးပင်တွေအဖြစ် ပြန်လည်ရောင်းချကြပါတယ်။ စတင်စိုက်ပျိုးပြီး လေးလအကြာမှာ အပွင့်ပွင့်ပါတယ်။ နဂါးမောက်ပင်ဟာ တစ်နှစ်ပတ်လုံး ရှစ်ကြိမ်ထိ ခူးဆွတ်နိုင်ပါတယ်။ တစ်ခါစိုက်ပျိုးပြီး တစ်ရာသီခူးဆွတ်ပေးတာနဲ့ စိုက်ပျိုးစရိတ်ကျေသွားပါတယ်။ ကျန်ကိုးနှစ်မှာ အမြတ်ချည်းပဲဖြစ်တာကြောင့် နဂါးမောက်ကို စီးပွားဖြစ်စိုက်ပျိုးသင့်ပါတယ်။

**အရသာရှိသောနဂါးမောက်**

နဂါးမောက်သီးရဲ့ အသားမှာ အရည်ရွှမ်းပြီး အနည်းငယ်ချိုအေးတဲ့ အရသာရှိပါတယ်။ ဝါးစားလို့ရတဲ့ အနက်ရောင်အစေ့ငယ်လေးတွေ မြောက်မြားစွာပါဝင်ကြပါတယ်။ နဂါးမောက်သီးအမှည့်အခွံဟာ အများအားဖြင့် နီရဲတဲ့အရောင်အဆင်းရှိပြီး တချို့အမျိုးအစားရဲ့ အခွံအရောင်မှာပန်းရောင် ဒါမှမဟုတ် အဝါရောင် ရှိတတ်ပါတယ်။ အထဲကအသားမှာ အဖြူ၊



အနီ၊ ခရမ်း အရောင်သုံးမျိုးရှိပါတယ်။ အဲဒီအရောင်သုံးမျိုးထဲက အရောင်ရင့်လေကျန်းမာရေးအာနိသင်ပိုလေဖြစ်ပါတယ်။ အထူးသဖြင့် ကိုရီးယားနိုင်ငံမှာ နဂါးမောက်သီးအနီရောင်ကိုသုံးပြီး အစားအသောက်တွေမှာ သဘာဝဆိုးဆေးအနေနဲ့ဖြစ်ဖြစ်၊ ဗီယက်နမ်နိုင်ငံမှာ လှပတဲ့အနီရောင်နဂါးမောက်သီးကို ဝိုင်အနေနဲ့ဖြစ်ဖြစ်၊ သစ်သီးခြောက်အနေနဲ့ဖြစ်ဖြစ်၊ အာလူးခြောက်ကြော်လို နဂါးမောက်သီးခြောက်ကြော်ဖြစ်ဖြစ်၊ သဘာဝဆိုးဆေးတွေဖြစ်ဖြစ် တွင်ကျယ်စွာ အသုံးပြုနေကြပါတယ်။

**နဂါးမောက်သီးနှင့် ကျန်းမာရေး**


နဂါးမောက်သီးကို ဆေးသိပ္ပံနည်းနဲ့ ဓာတ်ခွဲကြည့်တဲ့အခါ ဗီတာမင်စီ၊ ဗီတာမင်ဘီ၊ ကယ်လ်စီယမ်၊ ပိုတက်စီယမ် စတဲ့အာဟာရဓာတ်တွေရရှိနိုင်တဲ့ အရင်းအမြစ်ဖြစ်တာကြောင့် ကျန်းမာရေးအတွက် အထူးသင့်တော်တဲ့အသီးဖြစ်ပါတယ်။ အလေးချိန် ၁၀၀ ဂရမ်ရှိတဲ့ နဂါးမောက်သီးထဲမှာ အဆီဓာတ် သုည ဒသမ ၆၁ ဂရမ်၊ ပရိုတင်းဓာတ် သုည ဒသမ ၂၂၉ ဂရမ်၊ အပင်ရဲ့ အသားဓာတ် သုည ဒသမ ၆၈ ဂရမ်၊ ရေဓာတ် ၈၃ ဂရမ်၊ ပိုတက်စီယမ် ၄၃၆ မီလီဂရမ်၊ ကယ်လ်စီယမ် ၈ ဒသမ ၈ ဂရမ်၊ ခြေဖျက်လွယ်တဲ့အမျှင်ဓာတ် သုည ဒသမ ၉ ဂရမ်နဲ့ ကယ်လိုရီ ၉၉ ဂရမ် ပါရှိပါတယ်။ လူကိုဘေးဖြစ်စေတဲ့ ကိုလက်စထရော လုံးဝမပါရှိပေ။

- နဂါးမောက်သီးဟာ သွေးတွင်းရှိ သကြားဓာတ်ကို လျှော့ချပေးနိုင်စွမ်းရှိတာကြောင့် ဆီးချိုသမားတွေအတွက် အလွန်သင့်တော်တဲ့အသီးဖြစ်ပါတယ်။ အထူးသဖြင့် သွေးတွင်းသကြားဓာတ် ပမာဏကိုထိန်းညှိပေးနိုင်တဲ့တာကြောင့် ဆီးချိုအမျိုးအစား-၂၊ သွေးချိုရောဂါရှိသူတွေအတွက် နဂါးမောက်သီးက အလွန်ကောင်းကျိုးပြုပါတယ်။
- သုတေသနပြုလုပ်ချက်တွေအရ နဂါးမောက်သီးဟာ သွေးလည်ပတ်မှုစနစ်အတွက် အလွန်ကောင်းပြီး စိတ်လှုပ်ရှားမှုကြောင့် ဖြစ်တတ်တဲ့ သွေးဖိအားတက်တာကို လျော့နည်းစေပါတယ်။ သွေးတိုးမဖြစ်အောင်လဲ ကာကွယ်ပေးပါတယ်။
- နဂါးမောက်သီးထဲမှာ ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်တဲ့ Antioxidants ပါဝင်မှုကြောင့် ကင်ဆာဖြစ်စေတဲ့ ဆဲလ်တွေကိုတားဆီးပေးနိုင်ပါတယ်။
- နဂါးမောက်သီးမှာ ကိုလက်စထရော မရှိသလောက်နည်းပါးပါတယ်။ ဒ့ါပြင် လူ့ခန္ဓာကိုယ်ထဲက မကောင်းတဲ့ကိုလက်စထရောတွေကိုလျှော့ချပေးနိုင်ပါတယ်။ ဒါကြောင့် နဂါးမောက်သီးက ကိုယ်အလေးချိန်ကို တစ်ဖက်တစ်လမ်းကနေထိန်းပေးပြီး ကျန်းမာစေပါတယ်။
- မကောင်းတဲ့ ကိုလက်စထရောကို လျှော့ချပေးနိုင်တာကြောင့်လဲ နှလုံးကျန်းမာရေးအတွက်သင့်တော်ပါတယ်။ ဒ့ါပြင် နဂါးမောက်သီးမှာပါဝင်တဲ့ အဆီတစ်မျိုးက နှလုံးသွေးကြောကျန်းမာရေးကို ထိန်းသိမ်းပေးပါတယ်။
- သွေးထဲက အဆိပ်အတောက်တွေကိုလဲ ခြေဖျက်ပေးပါတယ်။
- အစာစားချင်စိတ်ကို တိုးပွားစေပါတယ်။
- အစာခြေဖျက်တာကိုအားပေးပါတယ်။ အစာအိမ်ရောဂါကိုလဲ ကောင်းကျိုးပြုပါတယ်။
- ဟော်မုန်းအကျိတ်ရောဂါတွေ ကုသဖို့အတွက်ကိုလဲ အသုံးဝင်ပါတယ်။
- နဂါးမောက်သီးထဲမှာ ကယ်လ်စီယမ်နဲ့ ဖော့စဖရက်(မီးစုန်း)တွေ ကြွယ်ကြွယ်ဝဝပါရှိနေတာကြောင့် သွားနဲ့ အရိုးတွေကို ခိုင်မာစေပါတယ်။
- ဓားရှမိတဲ့ ဒဏ်ရာတွေနဲ့ ထိခိုက်ရှနာတွေကို သက်သာပျောက်ကင်းစေပါတယ်။ ဗီတာမင်စီဓာတ်တွေ အများကြီးပါဝင်တာမို့ အနာကျက်မြန်စေတာ၊ အညိုအမည်းစွဲတာတွေကို သက်သာပြေလျော့စေပါတယ်။
- နဂါးမောက်သီးထဲမှာ ပရိုတင်းနဲ့ အင်ဇိုင်းဓာတ်တွေ ပါရှိနေတာကြောင့် ခန္ဓာကိုယ်ဆဲလ်တည်ဆောက်မှုကိုအားပေးပြီး ပျက်စီးနေတဲ့ ဆဲလ်တွေကိုလဲ ပြန်လည်ပြုပြင်ပေးနိုင်ပါတယ်။ ဒါကြောင့် ခွဲစိတ်ခန်းဝင်ပြီးတဲ့ လူနာတွေအတွက် ခွန်အားကိုလဲ မြန်မြန်မြှင့်တင်ပေးပါတယ်။
- ပရိုတင်းဓာတ်ပါဝင်တဲ့ နဂါးမောက်သီးရဲ့ အသားကောအစေ့ပါ စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်ခုခံအားစနစ် ကောင်းမွန်စေပါတယ်။
- နဂါးမောက်သီးမှာအစာခြေစနစ် ပျက်ယွင်းတာနဲ့ ဝမ်းချုပ်တာကို ကူညီပေးနိုင်တဲ့ အမျှင်ဓာတ်အမြောက်အမြား ပါဝင်ပါတယ်။ ဝမ်းချုပ်တတ်သူတွေအတွက် စားသင့်တဲ့ဓာတ်စာအသီးဖြစ်ပါတယ်။
- ဘီတာကယ်ရိုတင်းပါဝင်တဲ့အတွက် မျက်စိအမြင်ကောင်းတာ၊ မျိုးပွားနိုင်စွမ်းကောင်းတာနဲ့ အခြားဇီဝရုပ်ဖြစ်ပျက်မှုတွေကိုလဲ ကောင်းစေပါတယ်။
- အဆစ်အမျက် ရောင်ရမ်းနာကျင်တာက အကြောအဆစ်နေရာတွေကို နာကျင်စေပြီး လှုပ်ရှားရခက်ခဲစေပါတယ်။ နဂါးမောက်သီးက anti-inflammatory လို့ခေါ်တဲ့ရောင်ရမ်းနာတွေကို လျော့ပါးသက်သာစေပါတယ်။
- ဗီတာမင်စီများများပါဝင်တဲ့အတွက် အသားအရေ ကျန်းမာရေးအတွက်ကော၊ ဝိတ်ချဖို့အတွက်ကိုပါ အထောက်အကူပြုပါတယ်။
- သံဓာတ်အားနည်းတဲ့ အမျိုးသမီးတွေနဲ့ သွေးအားနည်းသူတွေအတွက် သွေးထဲက ဟေမိုဂလိုဘင် လျော့ကျတာကို နဂါးမောက်သီးက အားဖြည့်ပေးပါတယ်။
- နဂါးမောက်သီးက ဗီတာမင်စီပါဝင်မှုမြင့်မားတဲ့အပြင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဗီတာမင်နဲ့ သတ္တုဓာတ်တွေဖြစ်ကြတဲ့ နီအာစင်း၊ ဗီတာမင်ဘီဝမ်း၊ ပိုက်သိုဘူမင်၊ ကယ်လ်စီယမ်၊ ဖော့စဖရက်၊ သံဓာတ်တွေ ပါရှိနေကြတာကြောင့် ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေပြီး ပြင်ပကူးစက်ရောဂါဗက်တီးရီးယားပိုးတွေ အလွယ်တကူ မဝင်ရောက်စေနိုင်တော့ပေ။
- သန္ဓေသားလောင်း ဖွံ့ဖြိုးခြင်းဆိုင်ရာ(RBC) လုပ်ဆောင်ချက်တွေဖြစ်တဲ့ အောက်ဆီဂျင်နဲ့ အာဟာပြုမှုခြင်းဆိုင်ရာလုပ်ငန်းဆောင်တာတွေကို နဂါးမောက်သီးကထောက်ပံ့ပေးနိုင်တာကြောင့် ကိုယ်ဝန်ဆောင်တွေ မဖြစ်မနေ စားပေးသင့်ပါတယ်။
- အာဟာရဓာတ်စုံတဲ့ နဂါးမောက်သီးကို ကလေးတွေအတွက် အဆာပြေသရေစာအဖြစ် ကျွေးမွေးသင့်ပါတယ်။
- နဂါးမောက်သီးမှာ ဗီတာမင်စီနဲ့ အာဟာရတွေ ကြွယ်ဝနေတာကြောင့် ပန်းနာရင်ကျပ်၊ ချောင်းဆိုးရောဂါအမျိုးမျိုးနဲ့ အအေးမိချောင်းဆိုးခြင်းစတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာတွေအတွက် နဂါးမောက်သီးက ကောင်းကျိုးပြုပါတယ်။
- နဂါးမောက်သီးထဲရှိ ဗီတာမင်နဲ့ သတ္တုဓာတ်တွေက ခန္ဓာကိုယ်ကနေ RBC ထုတ်လုပ်ပေးတဲ့ စွမ်းအင်ကိုတိုးပွားစေတာကြောင့် ဦးနှောက်ပျက်စီးတာကနေ ကာကွယ်ပေးပါတယ်။ ဒ့ါပြင် ဦးနှောက်ရဲ့ လုပ်ငန်းဆောင်တာတွေကို တိုးတက်ကောင်းမွန်လာစေပြီး အာရုံကြောအဖွဲ့အစည်းကိုလဲ ပိုမိုကောင်းမွန်စေပါတယ်။
- ဘီတာကယ်ရိုတင်းနဲ့ တခြားအပင်ကရရှိတဲ့ အရောင်ခြယ်ဓာတ်တွေက မျက်စိအတွင်းတိမ်ဖြစ်တာနဲ့ အမြင်အာရုံကျဆင်းပြီး မျက်စိထဲ အမည်းရောင်အစက်အပြောက်တွေပေါ်တာကနေ ကာကွယ်ပေးနိုင်ပါတယ်။
- နဂါးမောက်သီးစားပြီးနောက် တင်းတိမ်ရောင့်ရဲမှုကို ခံစားရနိုင်တာကြောင့် နောက်ထပ်အစားစားချင်စိတ်ကို ချိုးနှိမ်ပေးပါတယ်။
- သွေးလွန်တုပ်ကွေးကြောင့်ဖြစ်တဲ့ သွေးတွင်းရှိ ပန်းကန်ပြားပုံသဏ္ဌာန်ကလာပ်စည်းများ အရည်အသွေးပမာဏ ကျဆင်းသွားမှုကို နဂါးမောက်သီးက ပြန်လည်မြှင့်တင်ပေးနိုင်တာကြောင့် သွေးလွန်တုပ်ကွေးရောဂါသည်တွေ မှီဝဲစားသုံးသင့်ပါတယ်လို့ ရေးသားလိုက်ရပါတယ်။

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအာစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး....

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး




ရွှေဖီဦး BLACK TEA (နောင်တာရား) ကို
Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....
CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## *Long Style Beauty Saloon*

ဖြောင့်
ကောက် } *(30%) off*
ဆေးဆိုး

ဆံပင်ညှပ်တာ အရမ်းလှတယ်၊
(ကြိုတင်ဖုန်းဆက်လို့ရပါတယ်)

**ဝန်ထမ်းအလိုရှိသည်**

**66 st × 67 st, 38 st Corner**
**Ph; 09-2053849**

### ပျောက်ဆုံးကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ ဒေါ်အိန္ဒြာဗိုလ်သွယ် (ဘ) ဦးဝင်းဗိုလ် (၉/မတရ(နိုင်)၁၈၈၈၈၈) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၉၈၇၀၈၀၂၁၄**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ သုံးရွာအုပ်စု၊ ပေါက်ချိုင်ကုန်းကျေးရွာနေ ကျွန်မ ဒေါ်ခင်ဖြူဖြူဝင်း ၏သမီးဖြစ်သူ **မစာစာနွယ်** သည် မိခင်နှင့်ဆွေမျိုးသားချင်းများအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်ဖြူဖြူဝင်း(၉/ပကခ(နိုင်)၀၀၁၆၃၇)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ် (ခ/၉၃၀၁)၊ Grade-9 မှ မပိုးအိဝင်း ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးပြုံး ဖြစ်ပါကြောင်း။

**ဦးပြုံး (၈/ ရစက(နိုင်)၁၃၈၀၇၇)**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဖရဲကျွန်း(အရှေ့)ရွာနေ ကျွန်တော် ဦးကျော်သင်း ၏သားဖြစ်သူ **မောင်မျိုးကိုကိုကျော် (၉/ အမရ(နိုင်)၁၂၅၄၈၆)** သည် ကျွန်တော့်အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကျော်သင်း(၉/ အမရ(နိုင်)၀၆၇၄၃၉)**

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**စာပေမြင့်မှ လူမျိုးတင့်မည်**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ "ပညာရေးဆိုသည်မှာ အမျိုးမျိုးသော သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများ"ဟု ဖွင့်ဆိုသည်ကိုလည်း တွေ့ရ . . .

❖ လူတစ်ယောက်သည် ပညာကို မွေးကင်းစအရွယ်ကတည်းကစပြီး ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရခြင်းဖြစ် . . .

❖ ပညာကိုသင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့်ပညာနှင့် ဘဝကိုပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ် . . .

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၁၈ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံခြားသုံးငွေ ကိုင်ဆောင်မှုနှင့် စပ်လျဉ်း၍ ကြေညာ

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၉ အရ နိုင်ငံတော်တွင် နိုင်ငံခြားသုံးငွေရောင်းဝယ်မှုလုပ်ငန်းများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူများကသာ ဆောင်ရွက်ခွင့်ရှိပြီး နိုင်ငံခြားသုံးငွေဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရရှိသူများသည် နိုင်ငံခြားငွေ ငွေသားနှင့် ခရီးသွားချက်လက်မှတ်များကိုသာ ရောင်းဝယ်ခွင့်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၃၀-၉-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၄ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၁၅ တွင်"ပြည်တွင်း၌နေထိုင်သူ တစ်ဦးသည် တရားဝင်နည်းလမ်းဖြင့်ရရှိထားသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ထိ သို့မဟုတ် ယင်းနှင့်ညီမျှသောငွေထက်မပိုသော နိုင်ငံခြားငွေများကို လက်ခံရရှိသည့်နေ့မှ ခြောက်လအတွင်းကိုင်ဆောင်ခွင့်ရှိသည်။ ယင်း ခြောက်လကာလကျော်သည်အထိ အသုံးမပြုဘဲရှိနေသည့် နိုင်ငံခြားငွေများအား နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများထံတွင် ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချလဲလှယ်ခြင်း သို့မဟုတ် ဘဏ်စာရင်းသို့ ထည့်သွင်းခြင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း"အတိအလင်းဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် ခွင့်ပြုချက်၊လိုင်စင်မရှိဘဲ နိုင်ငံခြားငွေများ လက်ဝယ်ကိုင်ဆောင်ထားသည်ကိုတွေ့ရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ထပ်မံသတိပေးပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ကီလိုမီတာ ၅၀ ခရီးရှည်အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၂၀**

အိုလံပစ်အားကစားနည်းတစ်ခုဖြစ်သည့် မြင်းစီးအားကစားနည်းဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေး၊မြင်းစီးအားကစားသမားများစွာ ပေါ်ထွက်လာစေရေးနှင့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရေး ရည်ရွယ်၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကီလိုမီတာ ၅၀ ခရီးရှည်အရည်အချင်းစစ်မြင်းစီးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ

**စာမျက်နှာ ၁၆ ကော်လံ ၁ ❖**

## ပြည်ပသို့ထွက်ခွာမည့်သူများအတွက် အသေးသုံးနိုင်ငံခြားငွေ ငွေသားများ ဝယ်ယူနိုင်ရန် အသိပေးကြေညာ

စာမျက်နှာ - ၂၂

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင် (၂၀-၈-၂၀၂၃)

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

